ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 1 September 2022 ၁၀၈၄၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၅/၊ ၈/၊ ၉/ ကိုင်ဆောင်ထားသူ စက်ရုံတွင်းရှိ လုပ်သားထုအား ဖိနှိပ်ခံနေရမှုရှိကြောင်း ဝါဒဖြန့်ခြင်းနှင့်ပတ်သက်၍ သတင်းအမှန်ထုတ်ပြန်ချက်

၁။ ၂၅-၈-၂၀၂၂ ရက်နေ့တွင် CTUM Myanmar Page ၌ "၅/၊ ၈/၊ ၉/ ပါ တီရှပ်များ ဝတ်ဆင်လျက် ဖိနှိပ်ခံနေရသော ၅/၊ ၈/၊ ၉/ ကိုင်ဆောင်ထားသူ လုပ်သားတို့နှင့် ရပ်တည်လျက်ရှိကြောင်း လူငယ်များ သမဂ္ဂဗဟို (Youths Union Centre Labour Alliance) အဖွဲ့နှင့် CTUM အဖွဲ့တို့မှ ကျား(၂)ဦး၊ မ(၁)ဦး၊ ပေါင်း(၃)ဦးတို့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရွှေလင်ဗန်း စက်မှုဇုန်၊ နဝဒေးမင်းကြီးလမ်း၊ အမှတ် (၂၅)ရှိ Zhejiang Tongi Clothing Myanmar Co.,Ltd (အထည်ချုပ်စက်ရုံ)ရှေ့၌ ဆန္ဒဖော်ထုတ်သပိတ်မှောက်"ဟု ဖော်ပြပါရှိခဲ့ပါသည်။

၂။ နိုင်ငံသားစိစစ်ရေးကတ်၏ တိုင်းဒေသကြီး/ ပြည်နယ်ဆိုင်ရာ ဖော်ပြချက်ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး(၅/)၊ မကွေးတိုင်းဒေသကြီး(၈/)နှင့် မန္တလေးတိုင်းဒေသကြီး(၉/) ကိုင်ဆောင်ထားသူ စက်ရုံတွင်းရှိ လုပ်သားထုအား ဖိနှိပ်ခံနေရမှုရှိကြောင်း သတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

စာမျက်နှာ » ၃






## သာကေတမြို့နယ်၌ စားသုံးဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိ

**သာကေတ ဩဂုတ် ၃၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်၌ နေထိုင်ကြသည့် မိဘပြည်သူများ စားသုံးဆီကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ အစီအစဉ်ဖြင့် Six Winner Brothers Oil Co.,Ltd. မှ တာဝန်ခံနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီမှစတင်၍ တစ်ဦးလျှင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၅၁၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ရေးအတွက် ဇင်္ဂမလမ်းမကြီး၌ ရောင်းချပေးလျက်ရှိသည်။

ယင်းသို့ စားသုံးဆီများအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိရာ သာကေတမြို့နယ်အတွင်းရှိ ပြည်သူများအား လက်ဝယ်အရောက် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## ယနေ့ ဖတ်စရာ

**မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမအမွေ စောင့်ထိန်းကြစို့လေ** ဆောင်းပါး စာမျက်နှာ » ၆

**ဓာတ်ခွဲနမူနာစုစုပေါင်း ၉၃၅၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄ ဦးတွေ့ရှိ** စာမျက်နှာ » ၁၂

**မြန်မာဘာသာ ကြေးနန်းရိုက်ကြားနည်း စတင်တီထွင်သူ ယောမင်းကြီးဦးဘိုးလှိုင်** စာမျက်နှာ » ၁၆




**အခန်းဆက်ဝတ္ထုရှည်** စာမျက်နှာ » ၁၅

ကြေးမုံ

# အများပြည်သူအကျိုးရှေးရှုဆောင်ရွက်

မျက်မှောက်ကာလတွင် ပြည်သူတို့၏ နေ့စဉ်လူမှုစီးပွားဘဝ၌ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများမှာ လိုအပ်သောကုန်ပစ္စည်းများကို အမြဲအတက်ဈေးဖြင့် ဝယ်ယူသုံးစွဲနေရခြင်း ဖြစ်သည်။ လူသုံးကုန်၊ စားသုံးကုန် အထူးသဖြင့် ပြည်ပသွင်းကုန်ပစ္စည်းမျိုးစုံတို့မှာ တစ်နေ့ထက်တစ်နေ့ ဈေးနှုန်းမြင့်မားလာခြင်းနှင့် ကြုံတွေ့နေရပေသည်။ အကျိုးဆက်မှာ ငွေကြေးဖောင်းပွမှုမြင့်မားလာပြီး မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာသည်။

ကုန်ပစ္စည်းဈေးနှုန်းတက်ရခြင်းအကြောင်းရင်းမှာ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ငွေကြေးလဲလှယ်နှုန်း တက်လာသောကြောင့်ဖြစ်သည်ကို အားလုံးက သိရှိကြသည်။ ထို့ကြောင့် နိုင်ငံငွေကြေးလဲလှယ်နှုန်း တက်လာရခြင်းအကြောင်းရင်းကို ရှာဖွေဖော်ထုတ်၍ မြန်မာ့လူမှုစီးပွားရေးအခြေအနေကို ဝိုင်းဝန်းထိန်းညှိဆောင်ရွက်နိုင်ကြစေရန် တိုက်တွန်းအပ်ပါသည်။ နိုင်ငံခြားငွေကြေးဈေးကွက်ကို နိုင်ငံအစိုးရ၊ အဖွဲ့အစည်းများက ထိန်းချုပ်ဆောင်ရွက်နေခြင်းမဟုတ်ပေ။ နိုင်ငံတကာငွေကြေးဈေးကွက်သည် ကမ္ဘာပေါ်တွင် ဗဟိုမှချုပ်ကိုင်မှုစနစ်မရှိဘဲ ရောင်းသူဝယ်သူအချင်းချင်း ရောင်းဝယ်ဖောက်ကားနေသည့် ဈေးကွက်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ ငွေကြေးဆိုင်ရာစင်တာများသည် ရောင်းသူဝယ်သူများကြားတွင် ကြားခံအဖြစ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေကြေးကို တရားဝင်အသိအမှတ်ပြုထားသည့် ဘဏ်ကဲ့သို့ ငွေကြေးစင်တာများတွင် တရားဝင် လဲလှယ်ရောင်းဝယ်နိုင်ကြသော်လည်း ရှေးယခင်ကာလမှ ယနေ့အချိန်ကာလအထိ နိုင်ငံခြားငွေမှောင်ခိုအရောင်းအဝယ် ဈေးကွက်များရှိနေခြင်းသည် နိုင်ငံခြားငွေကြေးမတည်ငြိမ်မှု၊ နိုင်ငံခြားငွေကြေးကစားမှုအကြောင်းများဖြစ်နေသည်။ နိုင်ငံခြားငွေကြေး အတက်အကျများစွာမရှိစေရန်အတွက် သက်ဆိုင်ရာက သတ်မှတ်နှုန်းထားတစ်ခုကို ပြုလုပ်ပေးသော်လည်း ပြင်ပတွင် ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ် ပါးစပ်ဈေးဖြင့် အလုပ်ဖြစ်နေကြသည်မှာ ကြာခဲ့ပြီဖြစ်သည်။ ယနေ့ကာလ နိုင်ငံ့စီးပွားရေးအတွက် အရေးကြီးသောအချိန်၌ ဒေါ်လာငွေကြေးရောင်းဝယ်မှုမှာ တစ်နေ့တခြားမြင့်မားလာသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် လိုအပ်သည်များကို အသိပေးဆောင်ရွက်လျက်ရှိသည်။

ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေး ပြတ်လပ်မှုမရှိစေဘဲ ဈေးနှုန်းတည်ငြိမ်ရေးအတွက် အမေရိကန်ဒေါ်လာများကို သတ်မှတ်နှုန်းထားဖြင့် မကြာခဏရောင်းချပေးလျက်ရှိသော်လည်း ငွေကြေးဈေးနှုန်းမှာ အတက်ဘက်တွင်သာရှိနေသဖြင့် ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိဆောင်ရွက်ရန်နှင့် တရားမဝင်ငွေကြေးရောင်းဝယ်မှုများကို ပိုမိုအလေးထားထိန်းချုပ်နိုင်ရန် လိုအပ်ပေသည်။ လက်ရှိကာလတွင် နိုင်ငံခြားငွေဈေးတက်မှုကြောင့် စက်သုံးဆီဈေးနှုန်းများလည်း လိုက်ပါမြင့်တက်လာသဖြင့် ပြည်သူများအနေဖြင့် အခက်အခဲရှိလာသည်။ ထို့ကြောင့် စက်သုံးဆီတင်သွင်းသူများသို့ နိုင်ငံခြားငွေကြေး လွယ်ကူစွာရရှိနိုင်ရန် ဗဟိုဘဏ်အနေဖြင့် ဘဏ်များ၊ စက်သုံးဆီလုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ ထို့အပြင် စီးပွားရေးနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများကလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေကြေးများကို တရားမဝင်ရောင်းဝယ်ဖောက်ကားလုပ်ကိုင်နေသည့် မှောင်ခိုဈေးကွက်များရှိနေပြီး ၎င်းဈေးကွက်များမှ နိုင်ငံခြားငွေဈေးနှုန်း ဆွဲတင်မှုများ၊ အွန်လိုင်းမှ တရားမဝင်ငွေကြေး ရောင်းဝယ်မှုများကို ယုံကြည်ဆောင်ရွက်ခြင်း မပြုလုပ်ရန်လိုသည်။ နိုင်ငံခြားငွေများ တရားမဝင်ရောင်းဝယ်နေကြသည့် အွန်လိုင်းလုပ်ငန်းများအား နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးထားသည်။ ထို့အပြင် ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော လုပ်ခ၊ လစာငွေများကို သုံးစွဲခြင်း၊ လွှဲပြောင်းခြင်း၊ ဘဏ်သို့ရောင်းချခြင်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်ပြီး အဆိုပါ ဝင်ငွေများကို တစ်ဆင့်ဝယ်ယူထားသည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် ထပ်ဆင့်ရောင်းချခြင်းမပြုဘဲ တရားဝင်စင်တာများသို့ ရောင်းချရန် လိုအပ်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် နိုင်ငံခြားငွေကြေးနှင့် ရောင်းဝယ်ဖောက်ကားမှုများကို အစိုးရက ထိန်းချုပ်ထားခြင်းမရှိသော်လည်း သတ်မှတ်စည်းမျဉ်းဥပဒေများကို လိုက်နာကြပြီး ငွေကြေးနှင့် ကုန်ပစ္စည်းဈေးနှုန်းများကို ကြီးကြီးမားမား ကွာခြားမှုမရှိဘဲ ညှိနှိုင်းပေါင်းစပ်ကာ တစ်နိုင်ငံလုံး ဖြန့်ဝေဆောင်ရွက်နေကြသည်ကို လေ့လာကြည့်လျှင် တွေ့မြင်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းပြီး ဈေးကွက်စီးပွားရေးကို ဖော်ဆောင်လာသောအခါ ဝိသမလောဘသားစီးပွားရေးသမားများသည် ဥပဒေ၊ စည်းကမ်း၊ အများပြည်သူကို အလေးမထားဘဲ မိမိတို့ကြီးပွားချမ်းသာရေးအတွက် ဈေးနှုန်းဆွဲတင်ရန်အခြေအနေများ၊ ဈေးကစားမှုများကို တရားမဝင်လုပ်ကိုင်မှုများ ပြုလုပ်နေကြပေသည်။

သို့ဖြစ်ရာ ပြည်သူလူထု စားဝတ်နေမှု သွားလာလုပ်ကိုင်မှု အဆင်ပြေရေးကို ရှေးရှု၍ ငွေကြေးကုန်ပစ္စည်းများ တရားဝင်ရောင်းဝယ်ဖောက်ကားမှုများကို ထိန်းညှိဆောင်ရွက်ကြပါရန်နှင့် ငွေကြေးကုန်ပစ္စည်းများ ဈေးနှုန်းမြင့်လာပြီး ပြည်သူလူထုအခက်အခဲဖြစ်အောင် လုပ်ကိုင်နေသည့် ဝိသမလောဘသားများကို တားဆီးနိုင်ရန် လိုအပ်ပါကြောင်း။ ။



## ဆက်ကပ်လှူဒါန်း

ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဘားအံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့အား သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြစဉ်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## မိုးနဲမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

မိုးနဲ ဩဂုတ် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရဲတပ်ဖွဲ့၊ ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းမှုဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၁) မြို့မအခြေခံပညာ အလယ်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်က လူကုန်ကူးမှုလုပ်ဆောင်ကြသူများ၏ စရိုက်လက္ခဏာများ၊ လူကုန်ကူးခြင်းမခံရအောင် သိထားသင့်သည့်အချက်များ၊ လူကုန်ကူးခြင်းခံရသူများအား နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးထွန်းမင်းထွန်းက အရွယ်မရောက်သေးသူများ မော်တော်ဆိုင်ကယ်မောင်းနှင်ခြင်းမပြုရေး၊ အသက်(၁၈)နှစ်ပြည့်မှသာ ယာဉ်မောင်းလိုင်စင် ထုတ်ပေးသည့်အတွက် မိဘများအနေဖြင့် မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များကို ကျောင်းသားလူငယ်များအား မောင်းနှင်ခွင့်မပြုကြရန်လိုအပ်ကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိနှင့်သတိရှိစေရေးတို့ကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက သဘာဝပတ်ဝန်းကျင်ပျက်စီးမှု ဝိုင်းဝန်းကာကွယ်ရေး၊ ပလတ်စတစ်ညစ်ညမ်းမှုဆိုးကျိုးများနှင့် ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ အမှတ်(၁) မြို့မ အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ အင်အား ၁၀၀ ကျော် တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၁- ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၃၀၀ | ၇,၃၀၀ | ၀ | ၀ |
| MTSH | ၂,၄၅၀ | ၂,၄၅၀ | ၈,၄၆၉ | ၂၀,၇၄၉,၀၅၀ |
| MCB | ၆,၈၀၀ | ၆,၈၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၀ | ၀ |
| TMH | ၂,၃၀၀ | ၂,၃၀၀ | ၀ | ၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၃ | ၇,၃၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၅၀ | ၂၄၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၃၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၉၆.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၄.၄၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၅၃၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၈.၂၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၉၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၄၁.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၀၁.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၄.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၆.၃၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်၊ အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။

ဒုတိယနေ့ ဆွေးနွေးပွဲတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)၊ (၂)နှင့် (၃)တို့ပါ သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ လေ့လာစိစစ်ချက်များ



နှင့်ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ၎င်းတို့၏ ဆန္ဒသဘောထားများနှင့် လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြပြီး ညနေပိုင်းတွင် တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ရပ်နားလိုက်သည်။

တတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ စက်တင်ဘာ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ရှေ့ဖုံးမှ

သတင်းအမှန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဆိုပါစက်ရုံသည် Mr. Gong Song Lin (ကိုရီးယားနိုင်ငံသား) ပိုင်ဆိုင်ပြီး အလုပ်သမား ကျား (၁၀၈)ဦး၊ မ(၁၃၈၈)ဦး စုစုပေါင်း(၁၄၉၆)ဦးဖြင့် လုပ်ကိုင်လျက်ရှိသည့် အထည်ချုပ်စက်ရုံဖြစ်ကြောင်း၊

(ခ) စက်ရုံသည် စတင်ဖွင့်လှစ်လုပ်ကိုင်ခဲ့သည်မှာ (၇)နှစ်ကျော်ရှိပြီဖြစ်ကြောင်း၊ စက်ရုံမှ အလုပ်သမားများကို အကြောင်းမဲ့ အလုပ်မှထုတ်ပယ်မှုများ မပြုလုပ်ခဲ့ကြောင်း၊ စည်းကမ်းလိုက်နာမှုမရှိသည့် အလုပ်သမားအချို့ကိုသာ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ စက်ရုံအတွင်း၌ အလုပ်သမားရေးရာ ထူးခြားဖြစ်စဉ်များမရှိကြောင်းနှင့် ဆန္ဒပြသူ (၃)ဦးမှာလည်း အဆိုပါစက်ရုံမှ အလုပ်သမားများ မဟုတ်ကြောင်း၊

(ဂ) စက်ရုံရှိ အလုပ်သမားများအားလုံး တည်ငြိမ်အေးချမ်းစွာ အလုပ်လုပ်ကိုင်လျက်ရှိပါကြောင်းနှင့် စက်ရုံမှ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၅/၊ ၈/၊ ၉/) ကိုင်ဆောင်သူ အလုပ်သမားများအား အကြောင်းမဲ့ အလုပ်ထုတ်ပယ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းများ ပြုလုပ်မှုမရှိပါကြောင်း။

၃။ သို့ဖြစ်ပါ၍ ၂၅-၈-၂၀၂၂ ရက်နေ့တွင် CTUM Myanmar Page ၌ ထုတ်ပြန်ခဲ့သော သတင်းမှာ လုပ်ငန်းခွင်အေးချမ်းသာယာမှု ထိခိုက်ပျက်ပြားစေရန်နှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာများ နစ်နာဆုံးရှုံးစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းသာဖြစ်ကြောင်း၊ ဖြစ်စဉ်အမှန်မဟုတ်ပါကြောင်း သတင်းအမှန် ထုတ်ပြန်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ငွေများ လျော့နည်းလွတ်ကင်းမှုမရှိဘဲ ဥပဒေနှင့်အညီ အပြည့်အဝရရှိရေးကို ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၁

ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၇၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံတော်မှ ကောက်ခံရရှိသည့် အခွန်အကောက် စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်ကို နှစ်စဉ် ကောက်ခံပေးလျက်ရှိကြောင်း၊ မြို့နယ်အခွန်ဦးစီးမှူးများအနေဖြင့် သင်တန်းမှ ဆည်းပူးရရှိလာသည်များကို လက်တွေ့ဆောင်ရွက်မှုများဖြင့် ပေါင်းစပ်ပြီး အခွန်ထမ်းပြည်သူများကို စိတ်ရင်းစေတနာအမှန်ဖြင့် အဂတိတရားကင်းရှင်းစွာ ဝန်ဆောင်မှုပေးကြရန်လိုကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနကို အဆင့်မီအခွန်ဌာနတစ်ရပ်ဖြစ်လာစေရေးအတွက် အဓိကဦးတည်အကောင်အထည်ဖော်ရာတွင် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ငွေများ လျော့နည်းလွတ်ကင်းမှုမရှိဘဲ ဥပဒေနှင့်အညီ အပြည့်အဝရရှိရေးကို ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူ သင်တန်းသူများကို ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ယခုဖွင့်လှစ်သောသင်တန်းတွင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများကို ကောက်ခံရာ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေ၊ တံဆိပ်ခေါင်းခွန်ဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ဆက်စပ်သည့် ဥပဒေပြဋ္ဌာန်းချက်များ၊ အောင်ဘာလေသိန်းဆုခွန်နှင့်စပ်လျဉ်းသည့် ညွှန်ကြားလွှာများ၊ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်းသည့် စီမံရေးရာ၊ ငွေစာရင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အခွန်မှုဝါဒနှင့်သုတေသနဆိုင်ရာကိစ္စရပ်များ၊ အခွန်ကောက်ခံမှုဆိုင်ရာ သတင်းအချက်ရှာဖွေစုဆောင်းခြင်းနှင့် နည်းပညာအသုံးပြု အခွန်ကောက်ခံသည့်စနစ်များကို ပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကလောမြို့နယ်၌ မိုးနေကြာသီးနှံ စံကွက်ရိတ်သိမ်း

ကလော ဩဂုတ် ၃၁

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ဘော်နင်းကျေးရွာအုပ်စုအတွင်း စိုက်ပျိုးထားသည့် ဆင်းရွှေကြာ-၂၊ မိုးနေကြာစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကွင်းအမှတ်(၈-က)၊ ကွင်းအမည်-နွားပြာကွင်း၊ ဦးပိုင်အမှတ် (၄၁)၊ ဧရိယာ ၁ ဒသမ ၆၁ ဧကရှိ တောင်သူဦးအောင်ပြုံး၏ စိုက်ခင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ မိုးနေကြာစံကွက်ရိတ်သိမ်းပွဲသို့ ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသန်းဝင်း၊ ဒုတိယဦးစီးမှူး ဦးကျော်မျိုးပိုင်၊ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချိုနိုင်ထွန်း၊ တောင်ကြီးခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်း၊ ကလောမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးထွန်းဝေ၊ ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇင်မောင်မောင်နှင့် ဝန်ထမ်းများ၊ ဘော်နင်းကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဆင်းရွှေကြာ-၂၊ မိုးနေကြာစံကွက်ရိတ်သိမ်းရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် နေကြာတစ်ဧက အထွက်နှုန်းတွက်ချက်ခြင်းပုံစံဖြင့် လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ running feet အရ လည်းကောင်း၊ ရိတ်သိမ်းခဲ့ရာ အခြောက်တစ်ဧကလျှင် ၂၅ ဒသမ ၀၃ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **အေးခိုင်(ကလော)**

# လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ (၂/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ၏ (၂/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဝင်ရောက်လာကြမည့် ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများအတွက် ပြန်လည်နေရာချထားရေး ကိစ္စရပ်များ၊ လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီရန်ပုံငွေသုံးစွဲမှုကိစ္စရပ်များ၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် လိုအပ်သောစားနပ်ရိက္ခာနှင့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန်အတွက် ထပ်မံလိုအပ်သောရန်ပုံငွေတင်ပြတောင်းခံနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ Preliminary Needs Assessment (PNA)ကို ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များ၊ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မည့် Comprehensive Needs Assessment (CNA)နှင့်စပ်လျဉ်းပြီး ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားမည့်လုပ်ငန်းများအတွက် သက်ဆိုင်ရာဌာနများနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းကော်မတီဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တောင်သူအစုအဖွဲ့များ စမ်းဝတီသဘာဝမြေသြဇာစက်ရုံနှင့် သစ်သီးဝလံတန်ဖိုးမြှင့်ထုတ်လုပ်ရေးစက်ရုံများသို့ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၃၁**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့မှ တောင်သူအစုအဖွဲ့များသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေးသမဝါယမအသင်းမှ ဆောင်ရွက်နေသော စမ်းဝတီသဘာဝမြေသြဇာစက်ရုံသို့ လာရောက်လေ့လာကြရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက ကြိုဆိုနှုတ်ဆက်၍ သဘာဝမြေသြဇာ ထုတ်လုပ်သုံးစွဲရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ သမဝါယမအသင်းများသို့ ထောက်ပံ့ပေးနေမှုကို ရှင်းလင်းဆွေးနွေးသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နေပြည်တော်သို့ လာရောက်လေ့လာရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးမျိုးထက်ဝင်းက သဘာဝမြေသြဇာထုတ်လုပ်ပုံအဆင့်ဆင့်ကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက နေပြည်တော်ကောင်စီနယ်မြေတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် နွားမွေးမြူရေးခြံသို့ သွားရောက်လေ့လာကြည့်ရှုကြပြီး စမ်းဝတီသဘာဝမြေသြဇာစက်ရုံမှ ထုတ်လုပ်ပုံအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် လေ့လာရေးအဖွဲ့တို့သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်သို့ သွားရောက်ကာ ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန် ဒေသထွက်ကုန် သစ်သီးဝလံများကို ကုန်ကြမ်းအဖြစ်မှ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရန်နှင့် လုပ်ငန်းလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေသော မြန်မာ့ရွှေသစ်သီးဝလံကုမ္ပဏီလီမိတက် (Myanmar Golden Produce Co.,Ltd.) ပိုင် သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်သည့်စက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံ မန်နေဂျင်းဒါရိုက်တာက စက်ရုံလုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေ့လာရေးအဖွဲ့သည် သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်သည့်စက်ရုံအတွင်း လုပ်ငန်းများဆောင်ရွက်နေပုံအဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြသည်။

သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်သည့်စက်ရုံမှ သရက်သီး၊ သရက်ပြင်၊ သရက်နံ့ပြင်၊ သရက်မန်ကျည်းဂျယ်လီ၊ သရက်ပင်မှည့်ဂျယ်လီ၊ သရက်သီးအနှစ် စသည်ဖြင့် ခုနစ်မျိုးခန့် Value Added ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက် ဆလိုဗက်ကီးယားနိုင်ငံ၊ ဒူဘိုင်း၊ တူကီယဲနိုင်ငံနှင့် ယူရိုနိုင်ငံများသို့ ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း စီမံချက်(မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်း စီမံချက်(မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းစီမံချက်(မူကြမ်း)ကို ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသူများက စီမံချက်(မူကြမ်း)အပေါ် ဝိုင်းဝန်းအကြံပြုသုံးသပ်ဆွေးနွေးကြသည်။

အဆိုပါ အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု သိသာစွာတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက လာမည့်နွေစပါး စိုက်ပျိုးရာသီတွင် ဧက ၈၅၀၀၀၀ အတွက် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှင့် ညီမျှသော သွင်းအားစုများကို အကျိုးတူလယ်ယာစနစ် ဆောင်ရွက်မည့်သူ အစုအဖွဲ့များမှတစ်ဆင့် ထောက်ပံ့ပေးရန် လိုအပ်သည့် ငွေကျပ်ဘီလီယံ ၁၇၀၊ ဆောင်းပဲတီစိမ်း ဧက ငါးသိန်းအတွက် တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ နှင့်ညီမျှသော သွင်းအားစုများကို အကျိုးတူလယ်ယာစနစ် ဆောင်ရွက်မည့်သူ အစုအဖွဲ့များမှတစ်ဆင့် ထောက်ပံ့ပေးရန် လိုအပ်သည့် ငွေကျပ်ဘီလီယံ ၆၀ စုစုပေါင်း ငွေကျပ်ဘီလီယံ ၂၃၀ ထုတ်ချေးပေးပြီး အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံပေါ်ချိန်တွင် သတ်မှတ်ထားသော အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ကာလပေါက်ဈေးဖြင့် ပြန်လည်ဝယ်ယူသွားမည်ဖြစ်ကြောင်း။

အဆိုပါလုပ်ငန်းတွင် တစ်ဦးတစ်ယောက်ချင်းဖြင့်ဆောင်ရွက်ရမည့်အစား၊ တောင်သူအစုအဖွဲ့များ၊ သမဝါယမအသင်းများ၊ သွင်းအားစုကုမ္ပဏီအစုအဖွဲ့များ၊ သီးနှံထွက်ကုန်များကို ပြန်လည်ဝယ်ယူမည့် အကျိုးတူလယ်ယာစနစ်ဆောင်ရွက်မည့်သူ အစုအဖွဲ့များ သုံးဦးသုံးဖလှယ် ပါဝင်ကြရမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြွေးကျေသူများသာမက ကြွေးကျန်ရှိသူများပါ ပါဝင်ဆောင်ရွက်ခွင့် ရရှိမည်ဖြစ်သော်လည်း ကြွေးကျန်ရှိသူ တောင်သူများအနေဖြင့် သီးနှံများရောင်းချချိန်တွင် လယ်/ဘဏ် ကြွေးကျန်ရှိသည့် ပမာဏ၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို ပြန်လည်ပေးဆပ်ရမည် ဖြစ်ကြောင်း၊ ကြွေးရှိနေသည့် တောင်သူများအတွက် ကြွေးကျေပြီး ကြွေးကင်းရှင်းစေရန်ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အမရပူရခရိုင်၌ ရေဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အမရပူရမြို့နယ် ရှမ်းကလေးကျွန်းကျေးရွာအနီး ရေဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ထွန်း၊ တာဝန်ရှိသူများ၊ ငါးမျိုးစိုက်ထည့်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်း၊ ကူမဲငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံများနှင့် ဝန်ထမ်းများ တက်ရောက်ပြီး သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၃၀၀၀၀၀၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၃၀၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ကူမဲငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းနှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၀ အား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူများသတင်းမှန်သိရှိစေရေး၊ အချိန်မီသတင်းထုတ်ပြန်အသိပေးရေးနှင့် သတင်းစီးဆင်းမှုမှန်ကန်မြန်ဆန်ရေး ဆောင်ရွက်



**ဘားအံ ဩဂုတ် ၃၁**

ကရင်ပြည်နယ်အတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်မြန်ဆန်စေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၉/၂၀၂၂) ကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

**ထပ်ဆင့်ရှင်းလင်း**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးတွင် ဩဂုတ် ၈ ရက်မှ ၁၀ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည့် ခြောက်ပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကရင်ပြည်နယ်နှင့်သက်ဆိုင်သည့် အစည်းအဝေးဆုံးဖြတ်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး လုပ်ငန်းလမ်းညွှန်အနေဖြင့် ခံယူဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ပြည်သူများ အမှန်အတိုင်းသိရှိစေရေး၊ အချိန်မီသတင်းထုတ်ပြန်အသိပေးရေး၊ သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်ရေး ဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ စတင်ဆောင်ရွက်နိုင်သည့်အနေအထားသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက ယခင်အပတ် (၈/၂၀၂၂)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးရှင်းလင်းတင်ပြခဲ့ကြပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်က လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ် လူမှုရေးဝန်ကြီး ဦးစိုးလွင်က မဲစာရင်းမှန်ကန်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကုန်စည်စီးဆင်းရာတွင် နိုင်ငံတော်အခွန်ငွေ အပြည့်အဝရရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၃၁**

ကချင်ပြည်နယ်အတွင်း ကန်ပိုက်တီနယ်စပ်ဂိတ်နှင့် လွယ်ဂျယ်နယ်စပ်ဂိတ်များမှတစ်ဆင့် မြန်မာ–တရုတ် ကုန်စည်စီးဆင်းရာတွင် သီးနှံတင်မော်တော်ယာဉ်များ စနစ်တကျဖြင့် စိစစ်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ–တရုတ် ကုန်စည်ပြန်လည်စီးဆင်းနိုင်ရေး ပြည်နယ်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

**ကုန်စည်တင်ပို့နိုင်ရေး စတင်မည်**

ကချင်ပြည်နယ် မြန်မာ–တရုတ် ကုန်စည်ပြန်လည်စီးဆင်းနိုင်ရေး လုပ်ငန်းကော်မတီနာယက၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံသို့ မကြာမီကာလအတွင်း စိုက်ပျိုးရေးထုတ်ကုန် တစ်သျှူးငှက်ပျောနှင့် အခြားသီးနှံများ ကုန်စည်တင်ပို့နိုင်ရေးလုပ်ငန်းများ စတင်တော့မည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ကုန်စည်တင်ပို့မည့် မော်တော်ယာဉ်များအား စနစ်တကျ စိစစ်ဆောင်ရွက်သွားရေး၊ ဒေသခံလုပ်ငန်းရှင်များ နစ်နာမှုမရှိစေရေး၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ စည်းကမ်းတကျ လိုက်နာဆောင်ရွက်ရေး၊ ကြိုတင်ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်ကြရေး၊ နိုင်ငံတော်အခွန်ငွေအပြည့်အဝရရှိရေးတို့အတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း၊ ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ကချင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအသင်းတို့က လိုအပ်ချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြကြပြီး နှစ်နိုင်ငံ ညှိနှိုင်းပေါင်းစပ်ပေးရမည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ပြည်နယ် (ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးတွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ တတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို မင်္ဂလာဒုံမြို့နယ် လှော်ကား ရေဝေရေလဲဒေသ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**စိမ်းလန်းစိုပြည်ရေး**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သစ်တောသစ်ပင်များ ပျက်စီးပြုန်းတီးသောနေရာတွင်သစ်ပင်များ အမျိုးအစားစုံလင်စွာစိုက်ပျိုးခြင်းကြောင့် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို တစ်ဖက်တစ်လမ်းက ကာကွယ်နိုင်ရန်သာမက လှော်ကားကန်၏ ရေဝေရေလဲဒေသကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ၄၅ မြို့နယ်၊ လှော်ကားရေဝေရေလဲဧရိယာအပါအဝင် ရန်ကုန်တိုင်းဒေသကြီး နယ်မြေအတွင်း ၂၀၂၂ ခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ခဲ့သည့် အပင်စုစုပေါင်း ၁၈၉၄၇၅၈ ပင်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် စိုက်ပျိုးခဲ့သည့် သစ်တောသစ်ပင်များ အလေအလွင့်မဖြစ်စေရေး၊ ရှင်သန်အောင်မြင်ရေး၊ အကျိုးဖြစ်ထွန်းစေရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သစ်တောဦးစီးဌာနတို့က တစ်ပင်သေတစ်ပင်စိုက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ မြေတောင်မြှောက်ခြင်း၊ မြေဩဇာကျွေးခြင်းတို့ကို ဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက စုပေါင်း၍ မဟော်ဂနီပင်များကို စိုက်ပျိုးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သစ်ပင်စိုက်ပျိုးပေးနေသော ဌာနဆိုင်ရာဝန်ထမ်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ယနေ့တွင် လူအင်အား ၂၀၀၀ ကျော်က မဟော်ဂနီပင် ၂၈၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# အရည်အချင်းရှိသူများကို မှန်မှန်ကန်ကန် ဘက်လိုက်မှုကင်းကင်းဖြင့် ရွေးချယ်

**မုံရွာ ဩဂုတ် ၃၁**

(၂၃) ကြိမ်မြောက် စစ်ကိုင်းတိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး (စတုတ္ထအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးကိုယ်စားပြု အရည်အချင်းပြည့်ဝသည့် ပညာရှင်၊ ဝါသနာရှင်များကို ဗဟိုအဆင့်သို့ ရွေးချယ်စေလွှတ်နိုင်ရေးအတွက် တာဝန်ရှိသူများက အရည်အချင်းရှိသူများကို မှန်မှန်ကန်ကန် ဘက်လိုက်မှုကင်းကင်းဖြင့် ရွေးချယ်ပြီး ဗဟိုအဆင့်တွင် အဆင့်တန်းရှိရှိ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး အမှတ်စဉ်(၇/၂၀၂၂) သို့ တက်ရောက်ကြသည်။

**အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၄၀၀ ကျော် ဖန်တီးပေး**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်၏ ပထမခြောက်လပတ်တွင် စက်မှုကဏ္ဍ သုံးခု၊ ဝန်ဆောင်မှုကဏ္ဍ တစ်ခု စုစုပေါင်းလေးခု ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၄၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာသူများက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမအမွေ စောင့်ထိန်းကြစို့လေ

**ဘကြီးကောင်း**

မောင်မြင့်အေးရေ ...

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နိုင်ငံတော်က ခံ့ညားထည်ဝါစွာ မကြာမီ ပြန်လည်ကျင်းပတော့မယ်။ ဇာတ်သဘင်ပြိုင်ပွဲမှာ ရာမာယဏဇာတ်တော်ကြီးကိုလည်း ထည့်သွင်းယှဉ်ပြိုင်သွားဦးမယ်တဲ့။ ဘကြီးကောင်းကတော့ တောမှာမွေး၊ တောမှာပဲကြီးပြင်းလာခဲ့တော့ ဇာတ်တို့ အငြိမ့်တို့ကို ကြိုက်သကွဲ့။

ရှေးကတော့ အမြင့်သဘင်(ရုပ်သေး)၊ အနိမ့်သဘင်(မြေဝိုင်းဇာတ်)နဲ့ အငြိမ့်သဘင်တို့ကို သဘင်သုံးရပ်ရယ်လို့ဆိုကြတယ်။ အမြင့်သဘင်(ရုပ်သေး)က ရှေးရှေးကတည်းက ထီးသုံးနန်းသုံးဖြစ်ခဲ့လို့ အောင်မြင်ကျော်ကြားခဲ့ပြီး အနိမ့်သဘင်ခေါ် မြေဝိုင်းဇာတ်ကတော့ ဦးစိန်ကတုံး၊ ဦးဖိုးစိန်တို့ ခေတ်ကျမှသာ ထင်ရှားကျော်ကြားလာခဲ့တယ်လို့ ပညာရှင်များက ဆိုကြတယ်။ အငြိမ့်သဘင်ကတော့ သက်တမ်းအားဖြင့် နှစ်ပေါင်းတစ်ရာကျော်ခန့်သာ ရှိပြီး မန္တလေးက စသလိုလို၊ မော်လမြိုင်က စသလိုလို ဆိုကြတယ်။

အငြိမ့်နဲ့ဇာတ်ကွဲပြားမှုကတော့ ဇာတ်သဘင်မှာ အပျိုတော်ခန်း၊ သစ္စာထားခန်း၊ တိုင်းပြည်တည်ခန်းကအစပြုပြီး ဇာတ်ထုပ်ခင်းကြတယ်။ အငြိမ့်သဘင်မှာတော့ ဖော်ပြပါ အခန်းတွေမပါဘူး။ အငြိမ့်ကိုကြည့်ရင် အဆိုကောင်း၊ အပြောကောင်း၊ အကကောင်းနဲ့ ရယ်ရွှင်ဖွယ်ရာတွေကို ခံစားကြရမယ်။ လူပြက်(လူရွှင်တော်)ကောင်းတဲ့ အငြိမ့်၊ အဆို (အသံ)ကောင်းတဲ့အငြိမ့်၊ အကကောင်းတဲ့ အငြိမ့်တွေဆို ပရိသတ်က သဘောကျနှစ်ခြိုက်ကြတယ်။

### ကကြိုးစုံအောင် ကတတ်ကြ

ရှေးခေတ်မင်းသမီးတွေက ကကြိုးစုံအောင် ကတတ်ကြတယ်။ အငြိမ့်မင်းသမီးဟူက ရည်းစားမျှော်တတ်ရတယ်။ ရည်းစားမျှော်အဆို၊ အကဆိုတာ အငြိမ့်မင်းသမီးရဲ့ အရည်အချင်းရှိ၊ မရှိ ပညာပြခန်းပဲ။ ရှေးခေတ်အငြိမ့်မင်းသမီးကြီးတွေထဲမှာ ယူနီဗာစတီ မြသန်းကြည်၊ လေဘာတီမမြင်ရင်တို့ နာမည်ကျော်ကြတယ်။

လူပြက်(လူရွှင်တော်)ဆိုလည်း အဋ္ဌရသ ၁၈ ရပ်ပါ ဣတိဟာသလို့ဆိုတဲ့ ရယ်ရွှင်ဖွယ် အတတ်ပညာ ဝမ်းစာပြည့်ဝကြတယ်။ အငြိမ့်လူပြက်(လူရွှင်တော်) ကောင်းရင် အငြိမ့်မင်းသမီးထက်တောင် ထင်ရှားတယ်။ ရှေးခေတ်ကဆို ဦးကျင်ခဲ၊ ခွာတ်ဆီ၊ ခွာတ်စံ၊ ညှပ်ကြီး၊ ဒန်ပေါက်စတဲ့ အငြိမ့်လူပြက်ကြီးများ ထင်ရှားကျော်ကြားခဲ့ကြတယ်။

### အငြိမ့်သဘင်

အငြိမ့်သဘင်ရဲ့ဖွဲ့စည်းမှုကလည်း နည်းနည်းနဲ့ကျဲကျဲဝိုင်း ဆိုတာမျိုးပဲဖြစ်တယ်။ လူတစ်ကျိပ်လောက်နဲ့ ပြည့်စုံတယ်။ အငြိမ့်ကပြဖို့ နေရာအကျယ်ကြီးမလိုဘူး။ ပေအစိတ်၊ သုံးဆယ်ပတ်လည်လောက်ရှိရင် ကလို့ရတယ်။ ၁၉၅၀ ကျော်၊ ၆၀ ပြည့်နှစ်များအတွင်းကဆို မြို့တော်နေပြည်သူတွေ အပန်းဖြေဖို့အတွက် မြို့တော်စည်ပင်သာယာရေးအဖွဲ့က စနေနေ့ညနေပိုင်းဆို ပန်းခြံတွေမှာ အငြိမ့်ပွဲတွေ ကျင်းပပေးခဲ့ကြတယ်။ ပရိသတ်အချို့က သွားရင်းလာရင်း ငေးရင်းမောရင်း မိုးတိုးမတ်တတ်ကြည့်ကြသလို အချို့ကတော့ ဖိနပ်ဖင်ခုပြီး ပွဲသိမ်းတဲ့အထိကြည့်ကြတယ်။

နောက်ပိုင်းကာလများမှာတော့ အငြိမ့်သဘင်ဟာ အတန်ငယ်မှေးမှိန်တိမ်မြုပ်သလို ဖြစ်ခဲ့ရတဲ့အတွက် တပ်မတော်အစိုးရခေတ်မှာ မြဝတီအငြိမ့်ပြိုင်ပွဲတွေ ပြန်လည်ကျင်းပပေးခဲ့ပြီး မြန်မာ့အငြိမ့်သဘင်ကို ပြန်လည်ဖော်ထုတ်ဆန်းသစ်ပေးခဲ့ရတယ်။ ၂၀၁၁ ခုနှစ် နောက်ပိုင်းမှာလည်း ရန်ကုန်မြို့တော်ခန်းမရှေ့က ဗန္ဓုလပန်းခြံမှာ မြို့တော်နေပြည်သူတွေစိတ်အပန်းဖြေစေဖို့ အငြိမ့်သဘင်ဖျော်ဖြေတင်ဆက်မှုအချို့ကို ပြန်လည်ကျင်းပပေးခဲ့တယ်။



ဇာတ်မင်းသားကြီးဦးဖိုးစိန်



ဇာတ်မင်းသားကြီးဦးအောင်မောင်း



### ဇာတ်သဘင်

ဇာတ်သဘင်ကတော့ အပျိုတော်ခန်း၊ သစ္စာထားခန်း၊ တိုင်းပြည်တည်ခန်းကအစပြုပြီး ဇာတ်ထုပ်ခင်းကြတယ်။ ဇာတ်ထုပ်ခင်းတဲ့အခါမှာ ရှေးကတော့ လူ့သဘော လူ့မနော အရပ်ရပ်က ကောင်းနိုးရာရာ၊ သိဖွယ်၊ မှတ်ဖွယ်၊ နာယူဖွယ်ရာ အကြောင်းအရာတွေ၊ ဒဏ္ဍာရီဇာတ်တွေကိုပဲ ကပြကြတာပေါ့။ ထိုခေတ်က ရုပ်သေးရော၊ ဇာတ်ပါ ဘာကြောင့်ဒဏ္ဍာရီတွေကိုပဲဇာတ်ကကြသလဲဆိုရင် ဇာတ်နိပါတ်တော်တွေကို ကရင်ဂိုဏ်းမလွတ်လေဟန်၊ အပြစ်ဖြစ်ပြီး ငရဲကြီးလေဟန် ထင်ခဲ့ကြလို့ပဲဖြစ်ပါတယ်။

### ဇာတ်နိပါတ်တွေကို ခေါ်သွင်းလာသူ

မြန်မာ့ဇာတ်သဘင်လောကမှာ ဒဏ္ဍာရီဇာတ်တွေကို ခေတ်ကုန်စေပြီး ဇာတ်နိပါတ်တွေကို ခေါ်သွင်းလာသူကတော့ ဇာတ်မင်းသားကြီး ဦးဖိုးစိန်ပဲဖြစ်ပါတယ်။ နောက်ပိုင်းမှာ မကပြဖူးတဲ့ဇာတ်ထုပ်မရှိအောင် ကပြခဲ့တဲ့အတွက် နောက်မင်းသားတွေခမျာ ဦးဖိုးစိန်ကြီးကပြပြီးဇာတ်ကို ရှောင်လွှဲကပြဖို့ဆိုတာ အတော့်ကိုခက်ခဲတဲ့ ကိစ္စတစ်ခုဖြစ်ခဲ့ရတယ်။

ဦးဖိုးစိန်ပထမဆုံးကပြတဲ့ဇာတ်က ဝိနည်းတော်မှ ရှင်သုဒိန်ဇာတ်ဖြစ်ပါတယ်။ ဦးဖိုးစိန်ဟာ ဇာတ်နိပါတ်တော်များကပြလာတဲ့အခါမှာ ထိုခေတ်က သီလ၊ သမာဓိ၊ ပညာအရာမှာ ထင်ရှားကျော်ကြားတဲ့ဆရာတော်ကြီးများကို ဇာတ်နိပါတ်တော်များ ကခြင်းဖြင့် အပြစ် ရှိ၊ မရှိ မေးလျှောက်ခဲ့ပါသေးတယ်။ အလှူအတန်းရက်ရောပြီး ဘုရားကျောင်းကန်စေတီများစွာတည်ဆောက်လှူဒါန်းလေ့ရှိတဲ့ ဘုရားဒါယကာ ကျောင်းဒါယကာကြီး ဦးဖိုးစိန်ရဲ့ ဗုဒ္ဓသာသနာအပေါ်ထားအပ်တဲ့ စေတနာကို ကောင်းစွာသိမြင်ကြတဲ့ ဆရာတော်ကြီးများက သုတ္တန်၊ ဝိနည်းပါဇာတ်တွေကို ကလို့တရားပြနိုင်ရင် အပြစ်မရှိနိုင်ကြောင်း အဆုံးအဖြတ်ပေးခဲ့ကြပါတယ်။ ဆရာတော်အချို့ဆို "ဖိုးစိန် ဇာတ် နိပါတ် ကို ကပြတာဟာ တို့တရားဟောတာထက်ပိုပြီးတောင် ဇာတ်တော်ကို ကွက်ကွက်ကွင်းကွင်းသရုပ်သဏ္ဍာန်နဲ့ မြင်အောင်ပြနိုင်တယ်"လို့ အားပေးစကားမြွက်ကြားခဲ့ကြတယ်။

ဦးဖိုးစိန်ဟာ လယ်တီဆရာတော်ကြီးရဲ့ အဆုံးအမကို ခံယူသူပီပီ ဆရာတော်ကြီးရဲ့ သံခိပ်တွေကို ဇာတ်ခုံပေါ်ကတစ်ဆင့် ဖြန့်ချိပေးလေ့ရှိသလို ဇာတ်ကရင်း လယ်တီဆရာတော်ကြီးရဲ့ တရားပွဲတွေကို သွားရောက်ဖို့ ကြော်ငြာပေးခဲ့ပြန်ပါတယ်။ သူကနေတဲ့ဒေသကို လယ်တီဆရာတော်ကြီး တရားဟောကြွရောက်လာပြီဆိုရင်လည်း သာသနာကို ဖျက်ရာမရောက်လေအောင် ပွဲဖျက်ပြီး အခြားတစ်ဒေသကိုရွှေ့ပြောင်းကလေ့ရှိပါတယ်။

ဒ့ါအပြင် ဦးဖိုးစိန်ဟာ မြန်မာ့ယဉ်ကျေးမှုအဆို၊ အငို၊ အက၊ အပြပညာအမွေအနှစ်တွေကို အရိုးပေါ်အရွက်မဖုံးဘဲ တိုးချဲ့ခဲ့သူလည်းဖြစ်တယ်။ ရှေးကမင်းသားနဲ့မင်းသမီး ပဝါတစ်ကမ်း၊ ယပ်တောင်တစ်ကမ်းကခဲ့ရာမှ သူ့ခေတ်မှာနှစ်ပါးသွားအကကို တိုးချဲ့ခဲ့တယ်။ နောင်လာနောက်သားတွေနည်းယူနိုင်စေဖို့ ဖိုးစိန်အဟဲ၊ ဖိုးစိန်ခြေကဆိုတဲ့ ဇာတ်ဘသင်ပညာအမွေကို ချန်ထားနိုင်ခဲ့တယ်။ ယိမ်းအကကို ဆန်းသစ်ခဲ့တယ်။ ယနေ့ ဇာတ်သဘင်လောကမှာ မင်းသား၊ မင်းသမီးတွေ ဝတ်ဆင်နေကြတဲ့ ခြေအိတ်ရှည်နဲ့ ခြေနင်းပါးကလေးတွေကအစ ဦးဖိုးစိန်ထွင်ခဲ့တယ်လို့ဆိုတယ်။

ထိုခေတ်မြန်မာပြည်သူတွေကလည်း ဦးဖိုးစိန်ကို ဘယ်လောက်အသည်းစွဲနှစ်ခြိုက်ခဲ့ကြသလဲဆိုရင် "ဖိုးစိန်ပွဲဆို ခြင်ထောင်ပေါင်ကြည့်မယ်"ဆိုတဲ့ အထိပါပဲ။ ဦးဖိုးစိန်ဟာလည်း မြန်မာပြည်အနှံ့ ဇာတ်ပွဲတွေကပြတဲ့အခါမှာ ကိုယ်ပိုင်ဇာတ်သင်္ဘောကြီး၊ ကိုယ်ပိုင်ဇာတ်ရုံတွေနဲ့ ကပြနိုင်ခဲ့တဲ့အထိကို အောင်မြင်ကျော်ကြားခဲ့သူတစ်ဦး ဖြစ်ပါတယ်။

ဆိုရရင် ဦးဖိုးစိန်ဟာ မြန်မာ့ဇာတ်သဘင်လောကကို မြေဝိုင်းခေတ်မှ မြို့ပြဇာတ်ခုံ ဇာတ်ရုံအဆင့်အထိ တိုးတက်ပြောင်းလဲလာအောင် စွမ်းဆောင်ခဲ့သူ၊ မြန်မာ့ဇာတ်သဘင် တစ်ခေတ်ကို တည်ထောင်ခဲ့သူတစ်ဦးဖြစ်ပါပေတယ်။ ဒါကြောင့်မို့ မြန်မာပြည်မှာ ဖိုးစိန်ဆိုတဲ့စကားရပ်ဟာ ထူးခြားတဲ့ ကိုယ်ပိုင်ဝိသေသလက္ခဏာတစ်ရပ်အဖြစ် ယခုတိုင် တည်ရှိနေခြင်းဖြစ်ပါတယ်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စတဲ့ အနုပညာလောကမှာ ကိုယ်ပိုင်ဟန်မရှိဘဲ အခြားထင်ရှားကျော်ကြားသူတစ်ဦးရဲ့ ဟန်ကို တုပအသုံးပြုတဲ့သူတွေကို ဒုတိယဖိုးစိန်လို့ တင်စားခေါ်ဝေါ်ရလောက်တဲ့အထိ အောင်မြင်မှုကြီးမားခဲ့သူ ဖြစ်ပါတယ်။ **စာမျက်နှာ ၇ သို့** ✻

> ❖ **မြန်မာ့ဇာတ်သဘင်လောကမှာ ဒဏ္ဍာရီဇာတ်တွေကို ခေတ်ကုန်စေပြီး ဇာတ်နိပါတ်တွေကို ခေါ်သွင်းလာသူကတော့ ဇာတ်မင်းသားကြီး ဦးဖိုးစိန်ပဲဖြစ်ပါတယ်။ နောက်ပိုင်းမှာ မကပြဖူးတဲ့ဇာတ်ထုပ်မရှိအောင် ကပြခဲ့တဲ့အတွက် နောက်မင်းသားတွေခမျာ ဦးဖိုးစိန်ကြီးကပြပြီးဇာတ်ကို ရှောင်လွှဲကပြဖို့ဆိုတာ အတော့်ကို ခက်ခဲတဲ့ကိစ္စတစ်ခု ဖြစ်ခဲ့ရတယ်။**
>
> ❖ **ဒ့ါအပြင် ဦးဖိုးစိန်ဟာ မြန်မာ့ယဉ်ကျေးမှု အဆို၊ အငို၊ အက၊ အပြပညာအမွေအနှစ်တွေကို အရိုးပေါ် အရွက်မဖုံးဘဲ တိုးချဲ့ခဲ့သူလည်းဖြစ်တယ်။ ရှေးကမင်းသားနဲ့ မင်းသမီး ပဝါတစ်ကမ်း၊ ယပ်တောင်တစ်ကမ်းကခဲ့ရာမှ သူ့ခေတ်မှာ နှစ်ပါးသွားအကကို တိုးချဲ့ခဲ့**

✻ စာမျက်နှာ ၆ မှ

**အမျိုးသားရေးစိတ်ဓာတ်တွေ တက်ကြွမြင့်မားလာအောင် ဇာတ်ခုံပေါ်ကနေတိုက်တွန်းနှိုးဆော်**

သူ့ကျွန်ဘဝမှာ အမျိုးဘာသာ သာသနာမကွယ်ပအောင် ဇာတ်ခုံပေါ်ကနေ တတ်အားသရွေ့ စွမ်းဆောင်ပေးခဲ့သူ ဦးဖိုးစိန်နည်းတူ သူ့ကျွန်ဘဝမှာ မြန်မာပြည်သူတွေရဲ့ အမျိုးသားရေးစိတ်ဓာတ်တွေ တက်ကြွမြင့်မားလာအောင် ဇာတ်ခုံပေါ်ကနေ တိုက်တွန်း နှိုးဆော်ပေးခဲ့တဲ့အပြင် အောင်မောင်းအဟဲ၊ အောင်မောင်းခြေထိုးဆိုပြီး နာမည်ကျော်ခဲ့တဲ့ ဇာတ်မင်းသားကြီး ဦးအောင်မောင်းကိုလည်း တို့တစ်တွေမမေ့သင့်ဘူးပေါ့။

၁၉၃၅ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိကို အောင်မောင်းခေတ်လို့ဆိုနိုင်တယ်။ အောင်မောင်းဇာတ်ကို ကန်ထရိုက်ရဖို့ ပွဲကန်ထရိုက်တွေဟာ အလုအယက်ဖြစ်နေကြတယ်။ အောင်မောင်းဇာတ်ဆိုရင် ဘယ်နှစ်ညပဲကက ရုံပြည့်တယ်။ အောင်မောင်းဟော့လို့ ဆိုရင် ညနေ ၄ နာရီကျော်တာနဲ့ ရုံကွဲသွားလို့ ဖွင့်ပေးလိုက်ရတာကများတယ်။ အောင်မောင်းဟာ ရုပ်ကြမ်းသော်လည်း အကမကြမ်းဘူး။ မင်းသားရုပ်မပေါက်ပေမယ့် အောင်မောင်းကပြီဆိုရင် ပျော့ပျော့ပျောင်းပျောင်း၊ အချိုးအဆစ်ပြေပြစ်တယ်။ အောင်မောင်း တကယ်ကတဲ့ညဆိုရင် ယိုးဒယားအကကို အလေးပေးကတတ်တယ်။ ခြေကအမျိုးမျိုးကပြရာမှာတော့ လက်ပိုက်ပြီး၊ လက်နောက်ပစ်ပြီး ခြေကကလေ့ရှိတယ်။ နှစ်ပါးခွင် နောက်ဆုံးအကမှာမှ ခြေထိုးကလေ့ရှိတယ်။ ခြေနှစ်ချောင်းထိုး၊ ခြေတစ်ချောင်းထိုး၊ အလျားလိုက်၊ အနံလိုက်၊ ဒေါင်လိုက်အမျိုးမျိုးပုံစံနဲ့ ဟန်နဲ့ခြေထိုးပြတယ်။ နောက်ဆုံး လေဘာတီခင်ညွန့်ကို ပွေ့ချီပြီး ခြေထိုးပြတယ်။ မင်းသမီးကို ပွေ့ချီထားရပေမယ့်မနိုင်မနင်းမလှုမပမဖြစ်ဘူး။ မင်းသမီးကလည်း ယိုးဒယားအကဟန်နဲ့ အပြုံးမပျက်၊ ပွေ့ချီထားတဲ့အောင်မောင်းကလည်း ကော်ရုပ်လေးကို ချီထားသလို ပေါ့ပေါ့ပါးပါးအနေအထားနဲ့ အင်မတန်မှ ကြည့်ကောင်းတဲ့

**“အောင်မောင်းဟာ ပင်ကိုအမျိုးသားရေးစိတ်ဓာတ်ရှိသူပီပီ နယ်ချဲ့အင်္ဂလိပ်ကို သူ့အတတ်ပညာနဲ့ ဇာတ်ခုံပေါ်ကနေ ဖော်ပြပါနိုင်ငံရေးအသွင် လက္ခဏာဆောင်တဲ့ ပြကွက်၊ ကကွက်၊ ဇာတ်လမ်းတွေနဲ့ ရဲရဲဝံ့ဝံ့တွန်းလှန်တော်လှန်ခဲ့ပါတယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံကာလအတွင်းမှာတော့ သူ့ဆရာ ဦးစံခိုနဲ့အတူ သခင်အမည်ခံခဲ့ကြတယ်လို့ ဆိုတယ်။ လွတ်လပ်ရေးတိုက်ပွဲအတွင်းမှာလည်း သူတတ်နိုင်သလောက်ကူညီခဲ့ပေမယ့် သူဘယ်ကဲ့သို့ ကူညီခဲ့တယ်ဆိုပြီး ဝင့်ကြွားလေ့မရှိခဲ့ဘူး”**

မြင်ကွင်းပဲလို့ ဆိုကြတယ်။

အောင်မောင်းရဲ့အသံဟာလည်း ပရိသတ်ထောင်ပေါင်းတွေစွာကို အသံချဲ့စက်မပါဘဲ ပကတိမူရင်းအသံနဲ့ပေါက်အောင်ဆိုနိုင်တယ်။ ဇာတ်လမ်းဇာတ်ကွက်တွေကို ပြောရာမှာ စာစကား၊ ပေစကား၊ စကားကြီးစကားကျယ်တို့ကိုမပြောဘူး။ မြန်မာစကားစစ်စစ် အရပ်သုံးစကားနဲ့ပြောတယ်။ အောင်မောင်းရဲ့အသံဟာ ကရုဏာသံပါတယ်။ ငိုခန်းရောက်ရင် “ကျွန်မတို့မငိုဘဲ မနေနိုင်တော့ဘူး” လို့ အမျိုးသမီးကြီးတွေက ပြောပြတယ်။ အောင်မောင်းဟာ သူ့ပရိသတ်အကြောင်းကို သူသိတယ်။ ရယ်ချင်သူကို ရယ်ရအောင်၊ ငိုချင်သူကို ငိုရအောင်လုပ်ပေးနိုင်စွမ်းရှိတယ်။

စာရေးဆရာမကြီး လူထုဒေါ်အမာက “အောင်မောင်းဟာ ပြည်သူတွေနေ့တိုင်းသုံး အရပ်စကားတွေကို တတ်လိုက်တာ၊ ငေါက်တန်ရင်ငေါက်၊ ဒေါသဖြစ်တန်ရင် ဖြစ်လိုက်သေးတယ်၊ ပြီးတော့မှ မချိလှလို့ မဲ့ရ၊ ငိုရတဲ့ပုံစံမျိုး၊ သူ့အမဲ့ သူ့အရှိုက်က ပရိသတ်ဘဝင်ကို သိပ်ခိုက်တယ်၊ သူက အမယ်လေး ၃-၄ မျိုးလောက်လုပ်နိုင်တယ်၊ သူ့အမယ်လေးကလည်း ရင်ခေါင်းထဲက လှိုင်းကြီးတွေနဲ့ရိုက်ခတ်ထွက်လာတဲ့ အမယ်လေးမျိုး၊ တစ်ချက်တည်း ဆွဲဖွင့်လိုက်ရင် တစ်ခါတည်း ဆို့နင့်လာရမယ်လေ။ ဦးအောင်မောင်းကြီးကတော့ လုပ်ချင်ရာ ဝင်လုပ်ခုရယ်နေကြပေမယ့် သူက ခုငိုလာအောင် ပရိသတ်ကို ဖမ်းစားနိုင်တယ်”လို့ ဆိုတယ်။

**ယိမ်းများကို တီထွင်ခဲ့**

အောင်မောင်းဟာ ဂဠုန်ယိမ်း၊ ဗန္ဓုလယိမ်း၊ သုံးရောင်ခြည်အလံတော်ယိမ်း၊ ဒေါင်းယိမ်း၊ အိုးစည်ယိမ်း၊ လယ်သူမယိမ်းများကို တီထွင်ခဲ့ပါသေးတယ်။ ယိမ်းအလိုက်သီချင်းများ သီးသန့်စပ်ပေးထားတယ်။ ဂဠုန်ယိမ်းကို အင်္ဂလိပ်အစိုးရက ပိတ်ပင်ခဲ့တယ်လို့ဆိုတယ်။ ဒေါင်းယိမ်းမှာ ခေါင်းမှာ ဒေါင်းဦးခေါင်းပုံစံစွပ်ပြီး ဒေါင်းအလံကို ကိုင်စွဲကပြကြတယ်။ ဗန္ဓုလယိမ်းမှာ ရှေးခေတ်မြန်မာစစ်သည်ပုံစံဝတ်ဆင်ပြီး ဗန္ဓုလခမောက်ဆောင်း၊ ဓားကိုင် ကပြခဲ့တယ်။

သုံးရောင်ခြည်အလံတော်ယိမ်းမှာတော့ ဝါ၊ စိမ်း၊ နီ အရောင် ဖဲသားကို နဖူးမှာ စည်းထားပြီး သုံးရောင်ခြည်အလံငယ်ကလေးများ ကိုင်ဆောင်ကာ ကပြခြင်းဖြစ်တယ်။ ယိမ်းမထွက်ခင် စာရေးဆရာ ဦးစံခိုက သုံးရောင်ခြည်အလံတော်ကြီးရဲ့ ပရိကံကို နဘေထပ်နဲ့ ပြောတယ်။ ပြီးမှ သုံးရောင်ခြည်အလံတော်ကြီးကို ဇာတ်ခုံပေါ်မှာ တင့်တယ်စွာစိုက်ထူလိုက်ပြီး ဦးစံခို ကိုယ်တိုင်အလေးပြုလို့ ကြေညာတယ်။ ပွဲကြည့်ပရိသတ်အချို့ကပါထပြီး အလေးပြုကြတဲ့အတွက် အင်မတန်မှ အမျိုးသားရေးစိတ်ဓာတ် တက်ကြွစရာဖြစ်ခဲ့တယ်။

ဆိုရရင် အောင်မောင်းဟာ ပင်ကိုအမျိုးသားရေးစိတ်ဓာတ်ရှိသူပီပီ နယ်ချဲ့အင်္ဂလိပ်ကို သူ့အတတ်ပညာနဲ့ ဇာတ်ခုံပေါ်ကနေ ဖော်ပြပါနိုင်ငံရေးအသွင်လက္ခဏာဆောင်တဲ့ ပြကွက်၊ ကကွက်၊ ဇာတ်လမ်းတွေနဲ့ ရဲရဲဝံ့ဝံ့တွန်းလှန်တော်လှန်ခဲ့ပါတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံကာလအတွင်းမှာတော့ သူ့ဆရာ ဦးစံခိုနဲ့အတူ သခင်အမည်ခံခဲ့ကြတယ်လို့ ဆိုတယ်။ လွတ်လပ်ရေးတိုက်ပွဲအတွင်းမှာလည်း သူတတ်နိုင်သလောက်ကူညီခဲ့ပေမယ့် သူဘယ်ကဲ့သို့ ကူညီခဲ့တယ်ဆိုပြီး ဝင့်ကြွားလေ့မရှိခဲ့ဘူး။

မောင်မြင့်အေးရေ . . .

မြန်မာနိုင်ငံဟာ ပျူခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ဟံသာဝတီ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံစတဲ့ ခေတ်အဆက်ဆက် ကိုယ့်ထီး ကိုယ့်နန်းနဲ့ယဉ်ကျေးမှုအမွေအနှစ်တွေ ထွန်းကားခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍတွေက အရေးကြီးသလို ယဉ်ကျေးမှုကဏ္ဍအပိုင်းကလည်း အရေးကြီးတာဖြစ်တဲ့အတွက် ကိုယ့်ရဲ့မိရိုးဖလာ ကိုယ်ပိုင်ယဉ်ကျေးမှုတစ်ခုဖြစ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်တွေ မတိမ်ကော မပပျောက်အောင် နိုင်ငံသားတိုင်းက အားပေးကူညီ၊ ထိန်းသိမ်းစောင့်ရှောက်ကြရမယ့် တာဝန်ကိုယ်စီရှိတယ်ကွယ့်။ ဒါကြောင့်မို့ နိုင်ငံတော်က မကြာမီ ပြန်လည်ကျင်းပတော့မယ့် ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို တို့တစ်တွေ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုကြရအောင်လား။ ။

**ကိုးကား –**

- **သိန်းဖေမြင့်၏ “ဇာတ်ဆရာဦးဖိုးစိန်” နှင့် “ဇာတ်သဘင် တစ်ခေတ်တီထွင်ခဲ့သူ”**
- **သခင်အောင်ဖေ၏ “သဘင်သုံးရပ်အရေး” နှင့် ဇာတ်ခုံပေါ်က သခင်တရားဟောသော ဇာတ်မင်းသား” ဆောင်းပါးများ**

# မကွေးမြို့၌ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

**မကွေး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းကို ယမန်နေ့နံနက် ၉ နာရီက မကွေးမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

**အသိပညာပေးဆွေးနွေး**

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းက အမှာစကားပြောကြားသည်။ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ယာယီရဲမှူး ကျော်လင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်(၄၁/၂၀၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ဆွေးနွေးပြောကြားပြီး ဒုတိယရဲမှူး သန်းနိုင်ဦးက လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ဖွဲ့စည်းခြင်း၊ ရပ်ကွက်/ကျေးရွာအတွင်းနေ ကလေးသူငယ်များအား လူကုန်ကူးမှုကျူးလွန်းခံရခြင်းမရှိစေရေး အဓမ္မလုပ်အားခိုင်းစေခြင်း၊ လိင်အမြတ်ထုတ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်းများ ဖြစ်ပွားမှုမရှိစေရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ၊ ရပ်ရွာအခြေပြုလူကုန်ကူးခံရသူတွင် ဘေးအန္တရာယ်ရှိနိုင်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့ထံ အကူအညီတောင်းခံခြင်းနှင့် မြို့နယ်အတွင်းရှိ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံခြင်း၊ လူကုန်ကူးမှုအမျိုးအစားများ စသည့်လူကုန်ကူးမှုဖြစ်ပွားရခြင်း အကြောင်းရင်းများနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးသည်။



အဆိုပါသင်တန်းကို ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင်များဖြစ်သည့် သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၃၀ မှ စက်တင်ဘာ ၁ ရက်အထိ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

**စည်သူ(မကွေး)**



# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)နှင့် ဗဟိုလေ့ကျင့်ရေးကျောင်း(ရန်ကုန်)တို့ပူးပေါင်း၍ ၂၀၂၂ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်၌ ကျင်းပသည်။

**ပျိုးပင်များစိုက်ပျိုး**

အဆိုပါအခမ်းအနားသို့ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ယိုးဒယားပိန္နဲပင် ၄၂ ပင်၊ ကံ့ကော်ပင် ၁၃ ပင်၊ စင်ကာပူချယ်ရီပင် ၄၅ ပင်၊ ခရေပင် ၅၀ စုစုပေါင်း ပျိုးပင် ၁၅၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သျှားထက်**

# မုံရွာမြို့ ကန်သာယာသဘာဝရေပြင်အတွင်း ငါးမျိုးများ စိုက်ထည့်

**မုံရွာ ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၍ မုံရွာမြို့ ကန်သာယာသဘာဝရေပြင်အတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါ ကန်သာယာ အနောက်ဘက်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါငါးမျိုးစိုက်ထည့်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာစုမျိုးသွယ်၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ မုံရွာခရိုင်ငါးလုပ်ငန်းဦးစီးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး၊ ခရိုင်မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ရေဦးငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများက အရှေ့ဘက် ကန်သာယာသို့ နှစ်လက်မအောက်ခံ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ငါးသိန်း၊ အနောက်ဘက် ကန်သာယာသို့ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ နှစ်သိန်းခွဲ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းခွဲအား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကြံခင်းမြို့နယ်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ကြံခင်း ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ယနေ့နံနက် ၈ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်တို့ အနီးကပ်ကြီးကြပ်မှုဖြင့် ကြို့ပင်စုကျေးရွာအုပ်စု ကိုင်းသာကျေးရွာနှင့် ခုံကြီးကျေးရွာအုပ်စု လက်ပံကွင်းကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းတို့တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဖွဲ့(၁)တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးသန်းထွဋ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အဖွဲ့ (၂) တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကိုကို ဦးဆောင်သော မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ လမ်းတံတားနှင့်ပတ်သက်ပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တင်ပြချက်၊ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ဆင်းရဲနွမ်းပါးသက်ကြီးဘိုးဘွားများအား စားဝတ်နေရေးအဆင်ပြေစေရန် အခြေခံစားသောက်ကုန်ဆန်ခြောက်အိတ် ထောက်ပံ့ပေးအပ်ခြင်း၊ ကျေးလက်နေပြည်သူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆေးကုသပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသော ကျေးရွာနေပြည်သူများအား ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ တိုက်ဆိုင်စစ်ဆေးခြင်း၊ လျှပ်စစ်မီးကြိုး၊ မီးခလုတ်များနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများစစ်ဆေးပြီး ကိုင်းသာကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ စာသင်ကြားနေမှုအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပျဉ်းမနားမြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်လှစ်

ပျဉ်းမနား ဩဂုတ် ၃၁

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်တွင် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်သန်းက သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားရှင်းလင်းသည့် အကြောင်းအရာများကို စနစ်တကျလေ့လာသင်ယူပြီး မြေပြင်လုပ်ငန်းခွင်တွင် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ပြီး၊ လူကုန်ကူးမှုများ ဖြစ်ပေါ်လာခြင်းနှင့် တွန်းအား၊ ဆွဲအားများ၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ တရားမဝင် ရွှေ့ပြောင်းသွားလာမှု ခြားနားချက်များ၊ ကမ္ဘာနှင့်မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လူကုန်ကူးမှုများ၊ လူကုန်ကူးမှု၏ ဆိုးကျိုးများနှင့် လူကုန်ကူးခံရသူများ၏ အခွင့်အရေးများ၊ တရားစွဲဆိုရေးလုပ်ငန်းစဉ်နှင့် လူကုန်ကူးခံရသူများ၏ အရေးပါမှု၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေနှင့် လူကုန်ကူးခံရသူဖြစ်ကြောင်း စိစစ်ဖော်ထုတ်ခြင်း၊ လူကုန်ကူးမှုဖြစ်စဉ် (၃)ဆင့်နှင့် စိစစ်ဖော်ထုတ်ရေး ပုံစံများအသုံးပြုခြင်း ပညာရပ်များကို ပြည်ထောင်စုနယ်မြေ နေပြည်တော် အမှတ်(၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူးရုံးမှ ယာယီရဲမှူး မြင့်အောင်၊ အမှတ်(၃)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(တပ်ကုန်း)ရဲတပ်ဖွဲ့မှ ရဲအုပ်ဟန်ဇော်တို့က သင်တန်းကာလ နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မြဝတီမြို့၌ ဆောင်းနေကြာသီးနှံစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့ထောက်ပံ့

မြဝတီ ဩဂုတ် ၃၁

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ဆောင်းနေကြာသီးနှံ စိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့ထောက်ပံ့ခြင်းအခမ်းအနားကို ဩဂုတ် ၂၉ ရက်က မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က နေကြာစိုက်ပျိုးမှုများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးစေလိုကြောင်းနှင့် လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က နေကြာစိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြဝတီခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်နိုင်ဦးက နေကြာစိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်နိုင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးသန်းရွှေနှင့် တာဝန်ရှိသူများက တောင်သူများအား နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး မြဝတီမြို့နယ်အနေဖြင့် ကျေးရွာခြောက်ရွာတွင် စုစုပေါင်း စိုက်ဧက ၂၀၀ အထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# ငပုတောမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

ငပုတော ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးသော တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၂၀၄၁၂ ဧက လျာထားချက်အနက်မှ စိုက်ပျိုးပြီး ဧက ၂၀၄၁၂ ရှိကြောင်း၊ ရရှိသောဓာတ်မြေဩဇာအိတ်များကို စိုက်ပျိုးရေးဦးစီးဌာနမှ လေ့ကျင့်ပေးထားသော သိပ္ပံနည်းကျစိုက်ပျိုး သုံးစွဲနည်းစနစ်များအား လိုက်နာပြီး မိမိတို့စိုက်ခင်းများအတွင်းသို့ အလေအလွင့်မရှိအောင် ထည့်သွင်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ မြို့နယ်စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က “ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏အစီအစဉ်ဖြင့် ကျွန်တော်တို့ တောင်သူတွေရဲ့အခက်အခဲတွေ၊ ဖြစ်လာမယ့် အကျိုးအမြတ်တွေကို တင်ပြခဲ့တဲ့အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မျိုးစေ့ထုတ်တောင်သူတွေ၊ ဧက ၁၀၀ တင်း ၁၀၀ စိုက်တောင်သူတွေ၊ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာလုပ်တဲ့ တောင်သူတွေနဲ့ စမ်းသပ်ကွက် စံပြလုပ်တဲ့တောင်သူတွေကို ပထမဦးစားပေးအနေနဲ့ ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ပါတယ်”ဟု ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးသော ကျေးရွာအုပ်စု ၈၉ အုပ်စုမှ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ၁၀၅၁ အိတ် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လပွတ္တာမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း ထည့်သွင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

လပွတ္တာ ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ရှိ အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ – ၆၆/၆)များအား Software Program ဖြင့် ထည့်သွင်းဆောင်ရွက်နေမှုလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်-၁ ဒုတိယဗိုလ်မှူးကြီးဖွဲ့သူဟိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရနှင့်တာဝန်ရှိသူများက လပွတ္တာမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စေရေးနှင့် အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)များ တိကျမှန်ကန်မှုရှိစေရေးအတွက် တစ်မြို့နယ်လုံးရှိ အိမ်ထောင်စုလူဦးရေစာရင်းများကို e – ID စနစ်ဖြင့် Software အသုံးပြုကာ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို ဇူလိုင် ၁၈ ရက်မှစတင်၍ ရက်ပေါင်း ၆၀ အတွင်း အိမ်ထောင်စု စုစုပေါင်း ၈၃၈၄၇ ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## “တူယှဉ်နွဲပျော်ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(က) ပွဲစဉ် (၁)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ပြသမည်

နေပြည်တော်   ဩဂုတ်   ၃၁

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော်ဂီတပွဲတော်” Season-2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ်(၁၈)ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အပတ်စဉ် သောကြာနေ့ညများတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် (Live) ရိုက်ကူးပြသမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် အကယ်ဒမီ ချိုပြုံး၊ စန္ဒရားမျိုးနိုင်၊ တေးသံရှင်ခိုင်ဝါတို့ကလည်းကောင်း၊ အစီအစဉ်တင်ဆက်သူများအဖြစ် တေးသံရှင်/ သရုပ်ဆောင် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့ကလည်းကောင်း ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့က တီးခတ်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲ၏ ပထမဆင့် (Level -1) အုပ်စု(က)ပွဲစဉ်(၁)ကို စက်တင်ဘာ ၂ ရက်နေ့၊ သောကြာနေ့ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ကယားပြည်နယ်မှ ထက်ထက်ဝေ၊ ဧရာဝတီတိုင်းဒေသကြီးမှ လှလှမိုး၊ မကွေးတိုင်းဒေသကြီးမှ လပြည့်ထွန်း၊ နေပြည်တော်မှ နုဝင်းအေး၊ ကရင်ပြည်နယ်မှ ချမ်းလေး၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇင်လေး၊ မန္တလေးတိုင်းဒေသကြီးမှ အောင်သက်ပိုင်မှူးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ စုစုထွေး စုစုပေါင်းပြိုင်ပွဲဝင်ကိုးဦးတို့၏ ပြဌာန်းတေးသီချင်းများဖြင့် ယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ည ၈ နာရီသတင်းများအပြီးတွင် MRTV - HDမှ တိုက်ရိုက် (Live) ရိုက်ကူး ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်




နေပြည်တော်   ဩဂုတ်   ၃၁

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်နေ့မှစတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် အပ္ပမာဒေါစ ဓမ္မေသု (ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ရခြင်း) အစီအစဉ်ကို စက်တင်ဘာ ၃ ရက် (စနေနေ့) ည ၉ နာရီတွင်ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက်သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ဓူဝံတေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ နန်းဝင်း (ရွှေနန်းသဘင်) နှင့် အကယ်ဒမီ မေသဉ္ဇာဦးတို့ ဦးဆောင်ပြီး ထက်မြတ်အောင်၊ ရန်ရှင်းမောင်၊ဓာတ်လင်းနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များ ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို စက်တင်ဘာ ၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော်   ဩဂုတ်   ၃၁

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၈၁)ကို စက်တင်ဘာ ၂ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် သဲဆုဇော်တို့က တင်ဆက်ကြ




မည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို စက်တင်ဘာ ၂၊ ၃ နှင့် ၄ ရက်နေ့တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## အိမ်သွယ်ရေတိုင်ပိုက်လိုင်း သွယ်တန်းခြင်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပုသိမ်   ဩဂုတ်   ၃၁

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အိမ်သွယ်ရေတိုင်ပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းအား ရေတွင်းချောင်းကျေးရွာ၌ တင်ဒါအောင်မြင်သော ဇော်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိပြီး ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းက ကွင်းဆင်းစစ်ဆေးရာ ပုသိမ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ထို့နောက်ခရိုင်ဦးစီးမှူးက အရည်အသွေးပြည့်မီစေရေးနှင့် သက်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျေးရွာများတွင် အိမ်သွယ်ရေတိုင် ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ကျေးရွာသူ ကျေးရွာသားများ လွယ်ကူလျင်မြန် အချိန်ကုန်သက်သာစွာဖြင့် သောက်သုံးရေရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၂၂

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော်   ဩဂုတ်   ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာ ချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၄/၂၀၂၂)အား (၅-၉-၂၀၂၂)ရက်နေ့မှ (၁၄-၁၀-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

## ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေးအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး

နေပြည်တော် ဩဂုတ် ၃၁

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီး ဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန် ပစ္စည်းများကို ရောင်းချပေးလျက် ရှိသည်။



ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများက တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီး ဟင်းရွက်များ၊ ကြက်သွန်နီနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွပ်ဘူးများ စသည့် စားသောက်ကုန် ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖

## ဖျာပုံမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း Software Program ရေးသွင်းနေမှု ကြည့်ရှုစစ်ဆေး

ဖျာပုံ ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း စီမံချက်ဖြင့်ဆောင်ရွက်နေသည့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆)များ Software Program စနစ်ကူးပြောင်းရေးသွင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များက အဆိုပါ စာရင်းရေးသွင်းခြင်းလုပ်ငန်းဆောင်ရွက်နေသည့် ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအောက်ထပ်ရှိ သတ်မှတ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးခဲ့ရာ ဖျာပုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်က "ကျွန်တော်တို့အနေနဲ့ ပြည်သူတွေရဲ့ ကိုယ်ရေးအချက်အလက်မှန်မှန်ကန်ကန်ထားရှိနိုင်ဖို့ အဓိကရည်ရွယ်ပြီး နိုင်-၄ မှတ်တမ်းတွေကို Software Program မှတ်တမ်းစနစ်အဖြစ် ရေးသွင်းနေတာဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာ အဖွဲ့ သုံးဖွဲ့ခွဲပြီး အင်တိုက်အားတိုက် စိစစ်ရေးသွင်းဆောင်ရွက်လျက်ရှိပါတယ်။ ဩဂုတ် ၃၁ ရက်အထိ ရေးသွင်းပြီးစီးမှုကတော့ အိမ်ထောင်စု ၃၇၇၄၈ စု၊ ရာခိုင်နှုန်းအားဖြင့် ၅၅ ဒသမ ၂ ရာခိုင်နှုန်း ရေးသွင်းဆောင်ရွက်ပြီးဖြစ်ပါတယ်" ဟု ပြောသည်။

ဖျာပုံမြို့နယ်အတွင်း အမာမြို့နယ်ခွဲအပါအဝင် ရပ်ကွက် ၂၃ ခု၊ ကျေးရွာအုပ်စု ၅၂ စု၊ အိမ်ထောင်စု ၆၈၃၉၆ စုနှင့် ကျားမပေါင်း လူဦးရေ ၃၀၇၇၁၃ ဦးရှိပြီး အထက်ပါအိမ်ထောင်စု လူဦးရေစာရင်း Software Program ရေးသွင်းခြင်းအစီအစဉ်ကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားရေးသွင်းသွားမည်ဖြစ်ကြောင်း ဖျာပုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ သိရသည်။

၂၀၇



## နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေလျှံကွင်းအတွင်း ငါးမျိုးများစိုက်ထည့်

နေပြည်တော် ဩဂုတ် ၃၁

နေပြည်တော်တိုင်းငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ငါးရိက္ခာဖူလုံစေရန်နှင့် ငါးဖမ်းလုပ်ငန်းဖြင့် တစ်ပိုင်တစ်နိုင်မိသားစုဝင်ငွေရရှိစေရန်အတွက် သဘာဝရေပြင်များအတွင်း ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိရာ ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာတွင် ကျင်းပသည်။

### ငါးမျိုးစိုက်ထည့်

အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ နေပြည်တော်တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညီညီအေးနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးမှူးများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများ၊ ရေဆင်းငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ စည်ပင်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားများမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ သုံးသိန်း၊ ထိုင်းငါးခုံးမကြီး သားပေါက်ကောင်ရေ သုံးသိန်းတို့အား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ညောင်လေးပင်မြို့နယ်တွင် ခရိုင်တရားရုံးဖွင့်ပွဲ ကျင်းပ

ညောင်လေးပင် ဩဂုတ် ၃၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ခရိုင်တရားရုံးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်တရားရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ ပဲခူးတိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်သိန်းသိန်းနှင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က ခရိုင်တရားရုံးဆိုင်းဘုတ်အား ဆက်လက်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ခရိုင်တရားရုံးဆိုင်းဘုတ်အား တက်ရောက်လာသည့်တာဝန်ရှိသူများက အမွှေးနံ့သာများ၊ ပန်းပေါက်ပေါက်များဖြင့် ကြဲပက်ပေးခဲ့ကြသည်။

### စတင်ဆောင်ရွက်သွားမည်

ယနေ့ဖွင့်လှစ်သော ညောင်လေးပင်ခရိုင် တရားရုံးအနေဖြင့် ညောင်လေးပင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်တို့တွင် ဖြစ်ပွားသော ရာဇဝတ်မှုများနှင့်တရားမမှုများကို စစ်ဆေးစီရင်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁ ရက်မှစ၍ တရားစီရင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညောင်လေးပင်ခရိုင်တရားရုံး ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နီနီဝင်း (ညောင်လေးပင်)

## တနင်္သာရီတိုင်းဒေသကြီး သမဝါယမကဏ္ဍမှ ပြည်ပသို့ ရေထွက်ပစ္စည်းများ တင်ပို့

တနင်္သာရီ ဩဂုတ် ၃၁

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းများမှ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိရာ ကော့သောင်းမြို့နယ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သိမ်းထိုက်ဇော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၀ သန်းတန်ဖိုးရှိရေထွက်ပစ္စည်းကုန်တန်ချိန် ၁၃၁၅ ဒသမ ၆၉၀ တန်နှင့် အောင်ကျော်ဇေရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၂ သန်းတန်ဖိုးရှိရေထွက်ပစ္စည်းကုန်တန်ချိန် ၉၉၉ ဒသမ ၁၅၅ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ပြီး နိုင်ငံခြားဝင်ငွေရရှိစေရန်အတွက် သမဝါယမကုန်သွယ်မှုကဏ္ဍက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အရေပြားအကျိတ်နာရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွားများတွင်ဖြစ်ပွားတတ်သည့် အရေပြားအကျိတ်နာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသောကျွဲ၊ နွားများကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုး ဆော်အပ်ပါသည်-

(၁) နာမကျန်းကျွဲ၊ နွားများကို လွှတ်ကျောင်းခြင်း၊ အခြား ကျွဲ၊ နွားများနှင့် ရောနှောခြင်း မပြုရန်၊

(၂) ကျွဲ၊ နွားမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ဆောင်ရွက်ရန်၊

(၃) ကျွဲ၊ နွားအသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွားများကို ဝယ်ယူမွေးမြူရန်၊

(၄) ဝယ်ယူသည့်နွားအသစ်များကို မိမိခြံရှိနွားများနှင့် မိမိခြံရှိ ကျွဲများနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၅) ရောဂါပိုးသယ်ဆောင်တတ်သည့် အင်းဆက်ပိုးမွှားများဖြစ်သည့် မှက်၊ ခြင်၊ ယင်နှင့် မွှားများကို ထိန်းချုပ်ရန်၊

(၆) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊

(၇) ကျွဲ၊ နွားများရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/PC-3)ရယူရန်၊

(၈) မိမိကျွဲ၊ နွားများတွင် အရေပြားအကျိတ်နာဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၇၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၅ | ၂၅၀၀ | ၂၅၁၅ | ၂၄၁၀ | ၂၄၂၀ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၇၅ | ၃၄၅၀ |
| 95 Ron | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၀၅ | ၂၄၉၀ | ၂၄၇၀ | ၂၅၆၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၀ | ၃၅၁၅ |
| HSD (500 ppm) | ၃၁၄၀ | ၃၁၈၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၈၅ | ၃၂၁၀ | ၃၂၀၅ | ၃၁၇၀ | ၃၂၈၅ | ၃၂၈၀ | ၃၁၈၀ | ၃၁၉၀ | ၃၂၂၀ | ၃၂၂၅ | ၃၂၂၅ | ၃၄၄၅ | ၄၁၈၅ |
| HSD (50 ppm) | ၃၂၂၅ | ၃၂၇၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၇၀ | ၃၂၉၅ | ၃၂၉၀ | ၃၂၅၅ | ၃၃၇၀ | ၃၃၆၅ | ၃၂၆၅ | ၃၂၇၅ | ၃၃၀၅ | ၃၃၁၀ | ၃၃၁၀ | ၃၅၃၀ | ၄၂၁၅ |
| HSD (10 ppm) | ၃၂၂၅ | ၃၂၇၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၇၀ | ၃၂၉၅ | ၃၂၉၀ | ၃၂၅၅ | ၃၃၇၀ | ၃၃၆၅ | ၃၂၆၅ | ၃၂၇၅ | ၃၃၀၅ | ၃၃၁၀ | ၃၃၁၀ | ၃၅၃၀ | ၄၂၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၆၅ | ၂၃၄၄ |
| 95 Ron | ၂၃၂၇ | ၂၄၀၇ |
| HSD (500 ppm) | ၃၀၁၁ | ၃၁၀၁ |
| HSD (50 ppm) | ၃၀၉၁ | ၃၁၈၃ |
| HSD (10 ppm) | ၃၀၉၁ | ၃၁၈၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

### ❖ ကျောဖုံးမှ

မြန်မာ ယူ-၁၉ အသင်းက နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပထမပွဲတွင်ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ယှဉ်ပြိုင်ခဲ့သည်။ ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသော်လည်း ဒုတိယပိုင်းတွင် ဂိုးများထပ်သွင်းခဲ့သည့် မြန်မာ ယူ-၁၉ အသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းအတွက် ဂိုးများကို မိနစ် ၃၀ တွင် မိုးဆွေ၊ မိနစ် ၅၀ တွင် ဥက္ကာနိုင်၊ ၇၆ မိနစ်တွင် သိန်းဇော်သီဟတို့က သွင်းယူခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၄၅+၁ မိနစ်တွင် စောစီရဖိုးတို့က သွင်းယူခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယခုခြေစမ်းပွဲများကစားခြင်းဖြစ်ပြီး ပထမ ခြေစမ်းပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ကိုညီလေး**

**ဓာတ်ပုံ - MFF**

### ❍ စတုဂတ်အသင်းမှ

ဝုလ်ဗာဟမ်တန်အသင်းနဲ့အတူ ဂိုးတွေအများအပြား သွင်းယူပေးနိုင်ဖို့အတွက်နဲ့ ရလဒ်ကောင်းတစ်ခုဖန်တီးပေးနိုင်ဖို့အတွက် စတုဂတ်အသင်းကနေ ပြောင်းရွှေ့ခဲ့တာဖြစ်ကြောင်း တိုက်စစ်မှူး ကာလာဇစ်က ပြောကြားခဲ့ပြီး ဝုလ်ဗာဟမ်တန်အသင်း နည်းစနစ်ဒါရိုက်တာ စကော့ဆယ်လာကလည်း တိုက်စစ်မှူး ကာလာဇစ်ကို ခေါ်ယူနိုင်ခဲ့ခြင်းဟာ အသင်းအတွက် ဝမ်းမြောက်မိတယ်လို့ ဆိုပါတယ်။

**ငွေကြယ်**

## Burmese Golf Open Junior and Professional Golf Tournament **ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြီးစီး**




**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ကြီးမှူး၍ Burmese Golf (BG) က အဓိကကူညီပံ့ပိုးသော Burmese Golf Open Junior and Professional Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၃၁ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း) ၌ ဆက်လက်ကျင်းပသည်။

**ဆုများပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ယင်းနောက် Burmese Golf Myanmar မှ ဒါရိုက်တာ ဦးရဲလွင်ဦးက အသက် ၁၂ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၇၃ ချက်ဖြင့် တတိယဆုရရှိသော ဘုန်းပြည့်ဖြိုးဟိန်း (တောင်ငူ)၊ စုစုပေါင်းရိုက်ချက် ၁၇၂ ချက်ဖြင့် ဒုတိယဆုရရှိသော ချယ်ဝမ် (ရန်ကုန်)၊ စုစုပေါင်းရိုက်ချက် ၁၇၁ ချက်ဖြင့် ပထမဆုရရှိသော ထူးမြတ်အောင် (မြိတ်)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Junior Golf Myanmar မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကိုဇော်က အသက် ၁၄ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် တတိယဆုရရှိသော ကောင်းထက် (ရန်ကုန်)၊ စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ဒုတိယဆုရရှိသော အောင်ဟိန်းဇော် (စစ်တွေ)၊ စုစုပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ပထမဆုရရှိသော ပြည့်စုံအောင် (ပြင်ဦးလွင်)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် Junior Golf Myanmar မှ အဖွဲ့ဝင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီး ၁၈ နှစ်အောက်သက်တန်းတွင် စုစုပေါင်းရိုက်ချက် ၁၈၄ ချက်ဖြင့် တတိယဆုရရှိသော အေးစုအောင် (ရန်ကုန်)၊ စုစုပေါင်းရိုက်ချက် ၁၈၂ ချက်ဖြင့် ဒုတိယဆုရရှိသော စုနှင်းဖြူ (ရန်ကုန်)၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော မိုးပြည့်စုံခင် (ရန်ကုန်)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့်ဦးက အသက် ၁၈ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၇၂ ချက်ဖြင့် တတိယဆုရရှိသော ဟိန်းနိုင်ဇင် (ရန်ကုန်)၊ စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် ဒုတိယဆုရရှိသော ကောင်းပြည့်ဖြိုးကျော် (တောင်ငူ)၊ စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် ပထမဆုရရှိသော အောင်မင်းသန့် (မော်လမြိုင်) တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေးက Professional အဆင့်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၃ ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၁၄၁ ချက်ဖြင့် ပထမဆုရရှိသော ကျော်သက်ဦးအား ဆုပေးအပ်ချီးမြှင့်သည်။

ယခုပြိုင်ပွဲတွင် တောင်ငူ၊ မကွေး၊ ပြင်ဦးလွင်၊ မြိတ်၊ ထားဝယ်၊ ရွှေဘို၊ စစ်တွေနှင့် မန္တလေး အစရှိသော ပြည်နယ်/တိုင်းဒေသကြီးများမှ မျိုးဆက်သစ်လူငယ်ဂေါက်ရိုက်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MGF**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၃၅၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၅၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၁၁) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၀၄) ဦးအနက် (၈) ဦး၊ (၇.၇) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၉၆) ဦး၊ (၉၂.၃) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၄၅,၄၅၆) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၂၂၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၆၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃၀-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၃၇၇,၉၈၅) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၃၉၈,၇၂၈) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ရှိနေခြင်း၊ အများပြည်သူအသုံးပြုသော ယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာအစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ သံသယ လက္ခဏာတစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့်သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှု ကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၃၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၈) ဦး | (၇.၇) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၉၆) ဦး | (၉၂.၃) % |
| စုစုပေါင်း | (၁၀၄) ဦး | (၁၀၀) % |

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၃၀-၈-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၃၇၇,၉၈၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၃၉၈,၇၂၈ |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၁၄၉၀၁၆ | ၉၁၈၇၃၁၆၉ | ၁၀၆၉၇၄၈ |
| ၂။ | အိန္ဒိယ | ၄၄၄၂၉၂၅၈ | ၄၃၈၃၅၈၅၂ | ၅၂၇၈၇၄ |
| ၃။ | ပြင်သစ် | ၃၄၅၀၉၉၆၁ | ၃၃၉၉၀၉၃၀ | ၁၅၄၀၃၉ |
| ၄။ | ဘရာဇီး | ၃၄၄၁၄၀၁၁ | ၃၃၄၅၇၃၅၉ | ၆၈၃၉၁၄ |
| ၅။ | ဂျာမနီ | ၃၂၀၉၅၈၅၄ | ၃၁၂၀၄၄၀၀ | ၁၄၇၂၂၃ |
| ၆။ | ဗြိတိန် | ၂၃၄၉၂၈၇၅ | ၂၃၁၉၈၁၆၈ | ၁၈၇၇၆၁ |
| ၇။ | တောင်ကိုရီးယား | ၂၃၂၄၆၃၉၈ | ၂၁၂၀၉၆၆ | ၂၆၇၆၄ |
| ၈။ | အီတလီ | ၂၁၈၄၅၉၄၃ | ၂၁၀၁၀၁၉၇ | ၁၇၅၅၀၅ |
| ၉။ | ရုရှား | ၁၉၅၂၈၉၆၉ | ၁၈၅၉၆၆၃၄ | ၃၈၄၃၄၆ |
| ၁၀။ | ဂျပန် | ၁၈၇၇၂၀၀၄ | ၁၆၈၇၅၉၆၃ | ၃၉၅၆၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၁၁၆၇၉ | ၁၀၁၇၈၇၆၀ | ၄၃၁၁၇ |
| ၂။ | အင်ဒိုနီးရှား | ၆၃၅၈၈၀၈ | ၆၁၅၆၀၃၄ | ၁၅၇၅၆၆ |
| ၃။ | မလေးရှား | ၄၇၈၀၂၈၄ | ၄၇၁၂၉၁၅ | ၃၆၂၁၀ |
| ၄။ | ထိုင်း | ၄၆၅၀၉၁၉ | ၄၆၀၂၈၆၂ | ၃၂၃၀၆ |
| ၅။ | ဖိလစ်ပိုင် | ၃၈၈၀၂၂၉ | ၃၇၉၄၂၃၄ | ၆၁၈၁၄ |
| ၆။ | စင်ကာပူ | ၁၈၃၇၀၉၀ | ၁၇၅၉၂၈၇ | ၁၅၉၂ |
| ၇။ | မြန်မာ | ၆၁၅၂၂၁ | ၅၉၃၆၁၅ | ၁၉၄၃၈ |
| ၈။ | ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၄၀၃၉ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၆၂၀ | ၁၃၄၄၂၀ | ၃၀၅၆ |

## ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ(နေကြာ)နှင့် နွေစပါးလျာထားချက်ပြည့်မီရေးနှင့် အထွက်နှုန်း တိုးတက်စေရေး တာဝန်ပေးအပ်ပွဲ ကျင်းပ

**မအူပင် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ(နေကြာ)နှင့် နွေစပါးလျာထားချက် ပြည့်မီစေရန်နှင့် အထွက်နှုန်းပြည့်မီကျော်လွန်စေရေး တာဝန်ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ (နေကြာ)နှင့် နွေစပါးစိုက်ပျိုးရာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများပူးပေါင်းကာ နည်းမှန်၊ စနစ်မှန်၊ မျိုးမှန်စွာစိုက်ပျိုးရန် လိုအပ်ကြောင်း ပြောကြားပြီး မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၆ အုပ်စုရှိ နေကြာစိုက်ဧက ၂၂၅၉၃ (သီးသန့်)ဧကလျာထားပြီး နွေစပါးစိုက်ဧက ၈၁၈၀၁ ဧကအား လျာထားချက် ပြည့်မီရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကုလသမဂ္ဂအဖွဲ့က ပါကစ္စတန်နိုင်ငံအတွင်း ရေကြီးရေလျှံမှုများအပေါ် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အမေရိကန်ဒေါ်လာသန်း ၁၆၀ ထောက်ပံ့မည်

ကုလသမဂ္ဂ ဩဂုတ် ၃၁

ကုလသမဂ္ဂအဖွဲ့က ပါကစ္စတန်နိုင်ငံအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာသန်း ၁၆၀ ထောက်ပံ့သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အကူအညီလိုအပ်လျက်ရှိ**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်လျက်ရှိသည့် ပြည်သူ ၅ ဒသမ ၂ သန်းအား အဆိုပါအကူအညီများပေးအပ်သွားရန် ပြောကြားခဲ့သည်။

ပါကစ္စတန်ပြည်သူများသည် ရေကြီးရေလျှံမှုများ၏ ဆိုးကျိုးများကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဂူတာရက်စ်က ဆိုသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပါကစ္စတန်နိုင်ငံ၌ ဇွန်လအတွင်းမှစပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါရေကြီးရေလျှံမှုများကြောင့် ပြည်သူ ၁၁၃၆ ဦးသေဆုံးခဲ့ပြီး ၃၃ သန်း ထိခိုက်ခံစားနေရသည်။

ထို့ပြင် လူနေအိမ်အဆောက်အအုံပေါင်း တစ်သန်းကျော်ပျက်စီးဆုံးရှုံးခဲ့သည်။ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ဆေးဝါးထောက်ပံ့မှုများ ပြတ်လပ်လျက်ရှိကြောင်း သိရသည်။

ပါကစ္စတန်အစိုးရက အဆိုပါရေကြီးရေလျှံမှုအား အမျိုးသားအရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ကြေညာထားကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်





# လာအို၌ ယခုနှစ်တွင် နိုင်ငံတကာမှ ခရီးသည် ကိုးသိန်းဝင်ရောက်ရေး ဆောင်ရွက်

ဗီယင်ကျန်း ဩဂုတ် ၃၁

လာအိုနိုင်ငံ၌ ယခုနှစ်အတွင်း နိုင်ငံတကာမှ ခရီးသည် ကိုးသိန်းဝင်ရောက်ရေး ရည်မှန်းဆောင်ရွက်နေကြောင်း လာအိုနိုင်ငံက ပြောကြားသည်။

နိုင်ငံတကာမှ ခရီးသည်များ ရောက်ရှိလာခြင်းဖြင့် လာအိုနိုင်ငံအတွက် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁၈သန်းရရှိမည်ဟု ခန့်မှန်းထားသည်။ နိုင်ငံအတွင်းသို့ နိုင်ငံတကာမှ ခရီးသည်များ ဝင်ရောက်ခွင့်ပြုချိန်မှစတင်၍ နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ တိုးတက်မှုများရရှိခဲ့ကြောင်း လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ပြီးခဲ့သည့်လများမှစတင်၍ နိုင်ငံတကာခရီးသည် ဝင်ရောက်ခြင်းများပြားလာသောကြောင့် နိုင်ငံခြားဝင်ငွေရရှိမှုတိုးတက်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ခရီးသည်များ လာရောက်လည်ပတ်လေ့ရှိသည့်နေရာများ အများအပြားရှိခြင်းနှင့် တရုတ်-လာအို ရထားလမ်း အပြည့်အဝပြေးဆွဲနိုင်ခြင်းတို့ကလည်း အိမ်နီးချင်းနိုင်ငံများမှ ခရီးသည်များ လာအိုနိုင်ငံသို့ လာရောက်ရေးအတွက် ဆွဲဆောင်နေသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဥရောပဒေသတွင် ကူးစက်ရောဂါတိုက်ဖျက်ရေးအတွက် လုပ်ငန်းစဉ်သစ်များ ချမှတ်သွားမည်

ကိုပင်ဟေဂင် ဩဂုတ် ၃၁

ဥရောပဒေသတွင် ကိုဗစ်-၁၉ရောဂါ၊ မျောက်ကျောက်ရောဂါနှင့် ပိုလီယိုအကြောသေရောဂါများ တိုက်ဖျက်ရေးအတွက် လုပ်ငန်းစဉ်သစ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပဒေသဆိုင်ရာရုံးမှ ပြောကြားသည်။

ဆောင်းဦးနှင့် ဆောင်းရာသီတွင် ယင်းရောဂါများကူးစက်မှုမြင့်တက်လာမည်ဟုယူဆရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဥရောပဒေသဆိုင်ရာရုံးမှ ညွှန်ကြားရေးမှူး ဟန်ကလုတ်က ပြောကြားသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဥရောပဒေသတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၃၀၀၀ ခန့် သေဆုံးခဲ့ကြောင်းနှင့် ၎င်းပမာဏသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများ၏ သုံးပုံတစ်ပုံခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ ဥရောပဒေသရှိ နိုင်ငံ ၄၃ နိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၂၂၀၀၀ရှိကြောင်းနှင့် မိမိတို့အနေဖြင့် ဆေးဝါးဆိုင်ရာအရင်းအမြစ်များကို ထိထိရောက်ရောက် သုံးစွဲသွားပါက ဥရောပဒေသတွင် မျောက်ကျောက်ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ဟန်ကလုတ်က ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ၊ မျောက်ကျောက်ရောဂါနှင့် ပိုလီယိုအကြောသေရောဂါများသည် နိုင်ငံများတွင် ကူးစက်မှုများ တွေ့ရှိသည့်အခြေအနေမှ ကမ္ဘာတစ်ဝန်းတွင် ကူးစက်မှုများ တွေ့ရှိရသည့်အတွက် ယင်းရောဂါများကူးစက်မှုတိုက်ဖျက်ရေးကို စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဟန်ကလုတ်က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ဂျပန်နိုင်ငံ၌ အသက် ငါးနှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအား ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံရန် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို သုံးစွဲခွင့် အတည်ပြု




တိုကျို ဩဂုတ် ၃၁

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအား ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးရန် သုံးစွဲခွင့် အတည်ပြုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

**ပထမဆုံးအတည်ပြုခြင်းခံရ**

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer မှ ထုတ်လုပ်သည့် အဆိုပါကာကွယ်ဆေးသည် ဂျပန်နိုင်ငံရှိ ကလေးငယ်များအား ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးရန် ပထမဆုံး အတည်ပြုခြင်းခံရသည့် ကာကွယ်ဆေးဖြစ်လာခဲ့သည်။

အသက် ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များသည် ဖေဖော်ဝါရီလမှစပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပထမအကြိမ်နှင့် ဒုတိယအကြိမ် ထိုးနှံမှု ခံယူခဲ့သည်။

ကလေးငယ်များတွင်လည်း အရွယ်ရောက်ပြီးသူများကဲ့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံမှုခံယူပြီးနောက် ငါးလအနည်းဆုံးခြားပြီးမှသာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှု ခံယူရမည်ဖြစ်ကြောင်း သိရသည်။

ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုအား မည်သည့်အချိန်တွင် စတင်မည်ကို ကျန်းမာရေးတာဝန်ရှိသူများက ဆွေးနွေးလျက်ရှိသည်။

စက်တင်ဘာလ အစောပိုင်းတွင် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုကို စတင်နိုင်ရန် ဂျပန်အစိုးရက အတည်ပြုနိုင်ဖွယ်ရှိကြောင်း မျှော်လင့်ရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၃၉၆၁ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဩဂုတ် ၃၁

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၃၉၆၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၃၄၆၃၉၈ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေး အာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၄၅၈ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများမှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၆၇၆၄ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုတို့အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ မင်းမင်းပိုင်(ခ)သိန်းသည် ၎င်းအသုံးပြုသည့် “Min Min Paing” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခိုးဝင်ဘင်္ဂါလီ ၆၅ ဦးနှင့် ပို့ဆောင်ပေးသူ အမျိုးသား လေးဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး လမ်းခရီးတွင် ရာသီဥတုဆိုးရွားမှုနှင့် အစာရေစာပြတ်လပ်မှုကြောင့် ကျန်းမာရေးအခြေအနေဆိုးရွားသူ ခိုးဝင်ဘင်္ဂါလီ အမျိုးသား သုံးဦး၊ အမျိုးသမီး လေးတို့ ဆေးကုသမှုခံယူနေစဉ် သေဆုံး

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၂ ခုနှစ် ဩဂုတ် ၂၉ ရက် ည ၁၀ နာရီခွဲခန့်တွင် ဖျာပုံမြို့နယ် ဂယက်ကြီးကျွန်း(ခ)ခတ္တာကျွန်းအနီး၌ ခိုးဝင်ဘင်္ဂါလီများ တင်ဆောင်လာသည့် ရေယာဉ်တစ်စင်းရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကဒုံကလေးကျွန်းနှင့် ဂယက်ကြီးကျွန်း(ခ)ခတ္တာကျွန်းကြားတွင် အလျား ၃၈ ပေ၊ ဖြက် ၁၀ ပေရှိသော ငါးဖမ်းစက်လှေတစ်စင်းအား ကျော်ဇောလင်း(၃၇)နှစ် (ဘ)ဦးကျော်ဝင်း စက်လှေမောင်း ကွင်းပိုင်းကျေးရွာ သံတွဲမြို့နယ်၊ မျိုးချစ်ဦး(၁၈)နှစ် (ဘ)ဦးမြတ်ပိုင်း လှေလုပ်သား လိပ်ကျောက်ရကျေးရွာ မင်းပြားမြို့နယ်၊ သန်းဝင်း(၃၅)နှစ် (ဘ)ဦးကျော်အေး လှေလုပ်သား ပေါက်တောမြို့နှင့် မြင့်ရွှေ(၅၂)နှစ် (ဘ)ဦးစံသိန်း လှေလုပ်သား သစ်ပုတ်တောင်ကျေးရွာ ရမ်းဗြဲမြို့နယ်




၂၉-၈-၂၀၂၂ ရက်နေ့တွင် ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ကဒုံကလေးကျွန်းနှင့် ဂယက်ကြီးကျွန်း(ခ) ခတ္တာကျွန်းကြားတွင် ဘင်္ဂါလီလူမျိုး အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၆၅ ဦး ဖမ်းဆီးရမိသည့် တည်နေရာနှင့် လာရောက်ခဲ့သည့် လမ်းကြောင်းတည်နေရာပြမြေပုံ။

နေသူတို့ လေးဦးနှင့်အတူ ခိုးဝင်ဘင်္ဂါလီ အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၆၅ ဦးကို ဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးခံခဲ့ရ**

ဖမ်းဆီးရမိသည့် စက်လှေမောင်း ဖြစ်သူ ကျော်ဇောလင်းအား စစ်မေးရာ ၎င်းသည် စစ်တွေမြို့နေ ဦးစီမန်(စိစစ်ဆဲ) နှင့် ချိတ်ဆက်ပြီး ယခုသယ်ဆောင်လာသူ ဘင်္ဂါလီလူမျိုး ၆၅ ဦးတို့ကို စစ်တွေမြို့မှ ပုသိမ်မြို့ ငွေသောင်ယံကမ်းခြေသို့ စက်လှေဖြင့် ပို့ဆောင်ရန် ငွေကျပ် သိန်း ၂၀၀ ဖြင့် သဘောတူပြီး စရန်ငွေစက်လှေငှားရမ်းခ ၂၅ သိန်းအား ဦးစီမန်ကပေးခဲ့ကြောင်း၊ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့မဈေးဆိပ်ကမ်း၌ ဘင်္ဂါလီလူမျိုး ၆၅ ဦးတို့ကို သယ်ဆောင်ကာ စစ်တွေမှ ပင်လယ်ပြင်အတိုင်း ကျောက်ဖြူ-မန်အောင်-ငပလီ-သံတွဲတို့ကို ဖြတ်သန်းမောင်းနှင်ပြီး ရွှေသောင်ယံအနီး ပင်လယ်ပြင်တွင် ကျောက်ချရပ်နားခဲ့ကြောင်း၊ ဩဂုတ် ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ဦးစီမန်က ဖုန်းဆက်ကာ ရွှေသောင်ယံတွင် ကမ်းကပ်၍မရကြောင်း GPS ဖြင့် ပွိုင့်ခုနစ်ပွိုင့်ပေးပြီး မောင်းနှင်ခိုင်းသဖြင့် မောင်းနှင်ခဲ့ရာ ဩဂုတ် ၂၉ ရက် ည ၁၀ နာရီတွင် ကဒုံကနိကျွန်းသာယာအနီး ပင်လယ်ပြင်တွင် ကျောက်ချရပ်နားပြီး ဦးစီမန်စေလွှတ်သည့်အဖွဲ့အား စောင့်ဆိုင်းနေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**ဆေးဝါးကုသပေးလျက်ရှိ**

ဆက်လက်၍သယ်ယူပို့ဆောင်ပေးသူ လေးဦးနှင့် ခိုးဝင်ဘင်္ဂါလီ ၆၅ ဦးတို့ကို ဥပဒေနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေး ခေတ္တထိန်းသိမ်းထားရှိစဉ် ခိုးဝင်ဘင်္ဂါလီ အမျိုးသား ငါးဦး၊ အမျိုးသမီး ရှစ်ဦးတို့သည် ၎င်းတို့ခိုးဝင်လာသည့် လမ်းခရီးတွင် ရာသီဥတုဆိုးရွားမှုနှင့် အစာရေစာ ပြတ်လပ်မှုတို့ကြောင့် ကျန်းမာရေးအခြေအနေဆိုးရွားနေသဖြင့် လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သော်လည်း အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦးတို့မှာ သေဆုံးသွားခဲ့ပြီး ကျန်ရှိသူ ခြောက်ဦးအား ဆက်လက်ဆေးဝါးကုသပေးလျက်ရှိသည်။

ဖမ်းဆီးရမိသည့် ခိုးဝင်ဘင်္ဂါလီများနှင့် သယ်ယူပို့ဆောင်ပေးသူ ကျော်ဇောလင်းပါ လေးဦးတို့ကို ဘိုကလေးမြို့မရဲစခန်း၌ ထိန်းသိမ်းထားရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကွန်ဟိန်း၊ ကလောနှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် ညနေ ၆ နာရီခွဲတွင် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာရှိ တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိုင်းဆိုင်ဟန် မောင်းနှင်ပြီး နန်းခမ်းနောင့်နှင့် စိုင်းစွမ်ဆိုင်တို့ လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၈ ဒသမ ၃၂၅ ကီလိုကိုလည်းကောင်း၊ ထိုနေ့ ည ၉ နာရီခွဲတွင် ကလောမြို့နယ် နန်းတိုင်းကျေးရွာအုပ်စု ပန်းဖယ်ကျေးရွာနေ ရှမ်းကြီး(ခ) အိုက်လင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၅၀ ကိုလည်းကောင်း။



စိုင်းစွမ်ဆိုင်၊ စိုင်းဆိုင်ဟန်နှင့် နန်းခမ်းနောင့်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**သိမ်းဆည်းရမိ**

ဩဂုတ် ၃၀ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် မိုင်းဆတ်မြို့နယ် မိုင်းတွန်း (တောင်ပေါ်) ကျေးရွာအုပ်စု ပါခါးကျေးရွာအနီး မိုင်းတွန်း-မိုင်းဆတ်သွား ကားလမ်းတွင် ယားအူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

■

# ဓနုဖြူမြို့နယ်တွင် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ထားမှုအား လိုက်နာဆောင်ရွက်မှုရှိစေရေး ကြီးကြပ်စစ်ဆေး

ဓနုဖြူ ဩဂုတ် ၃၁

ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီကပြည်သူများ ပလတ်စတစ်အိတ်သုံးစွဲမှု လျော့နည်းစေရေးအတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ထားရှိမှုအား လိုက်နာဆောင်ရွက်မှုရှိစေရေး စိစစ်ကြပ်မတ်စစ်ဆေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီမှစတင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးရောင်းချသူများအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များအစား အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ဖြင့် သင့်တော်ရာအစားထိုး ထုပ်ပိုးသုံးစွဲစေရေးအတွက် ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အသိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကိုင်စပီကာများဖြင့် ပြည်သူများ ပါဝင်ဆောင်ရွက်ပေးနိုင်ရေး လိုက်လံအသိပေးနှိုးဆော်လျက်ရှိကြောင်းနှင့် လိုက်နာဆောင်ရွက်မှုရှိစေရေး မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဈေးကော်မတီဝင်များက လိုက်လံကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




[ ၁ ]

'မ' ကို မေ့၍ မုန်းရမည်လား။

'မ' ကို မွန်မြတ်သောမေတ္တာဖြင့် မျှော်လင့်တသ နေရမည်လား။ ဤနှစ်လမ်းကို ယခုတိုင် မှန်းဆဝေခွဲ၍ မရသေးချေ။

ပြန်တွေးလျှင် 'မ' နှင့် တွေ့ ရပုံကား ဆန်းကြယ်လှသည်။ 'မ' ဟူသော နာမည်ကို ကြားရရုံမျှဖြင့် စိတ်ထဲတွင် ဆန်းနေသည်။ ပညတ်သွားရာ ဓာတ်သက်ပါသည်ဆိုသောစကားအရ 'မ' ဟူ၍ ပညတ်ထားသော အမည်နာမနောက်ကွယ်တွင် အဘယ်ဓာတ်သက်များ ပါလေမည်နည်းဟူ၍ကား ကိုဘခက်အဖို့ စဉ်းစားရခက်သည်။

'မ' သည် မိုးပေါက်ကဲ့သို့ အေးမြစေသလော။

သို့တည်းမဟုတ် မီးကဲ့သို့ ပူလောင်စေသလော။ 'မ' ကို အကဲခတ်ရသည်မှာ မိုးကဲလေကဲထက်ပင် ခက်လှပေသည်။

'မ' ကို တွေ့စကမူ မွန်မြတ်သော စိတ်ထားရှိသူ တစ်ယောက်၊ မေတ္တာတရား ကြီးမားသူတစ်ယောက် ဟု ယုံကြည်ခဲ့ရသည်။

'မ' ၏ မျက်နှာကို ကြည့်လိုက်ရလျှင် မနုမရင့် အငုံ အဖူးကလေးများကို ကြည့်လိုက်ရသလို စိတ်ကို ကြည်လင်နူးညံ့စေ၏။

'မ' ၏ မျက်နှာသည် ကြည့်လိုက်တိုင်း မပွင့်တပွင့် သဏ္ဍာန်ကိုသာ တွေ့ရသည်။ မျက်နှာကိုမြင်ရုံမျှဖြင့် အတွင်းစိတ်ကို အကဲမခတ်နိုင်ချေ။ သို့ပေမဲ့ 'မ' သည် ရိုးသားသူတစ်ယောက်၊ သိမ်မွေ့သူတစ်ယောက်၊ အပြစ်ကင်းစင်သူတစ်ယောက်ဟူ၍ကား ခဏမြင်ရုံမျှဖြင့် အကဲခတ်နိုင်ပေသည်။

ထိုမှတစ်ဆင့်တက်၍ 'မ' ၏ အတွင်းစိတ်ကို အကဲခတ်၍ မရနိုင်ချေ။ အပေါ်ယံအားဖြင့် သိမ်မွေ့ နူးညံ့သော်လည်း 'မ' ၏အတွင်းစိတ်သည် ကျောက်စာတိုင်ကဲ့သို့ ပကတိ မယိမ်းမယိုင် မာကျောခိုင်မာသူတစ်ယောက်ပေလော၊ သို့တည်းမဟုတ် လေသိမ်းတိုင်း ကတတ်သည့် ပန်းအလှလေးကဲ့သို့ လှုပ်ရှားတတ်သူလောဟူ၍ကား ဆုံးဖြတ်၍ မရနိုင်ချေ။

ထို့ကြောင့်လည်း ကိုဘခက်အဖို့ 'မ' ကိုတွေ့ခဲ့ရသည့် နောက်ပိုင်းတွင် ပဟေဠိတစ်ခုကို အဖြေရှာရသလို ချာချာလည်ခဲ့ရလေသည်။

သို့ချာချာလည်ခဲ့သည့်တိုင်အောင် 'မ' ၏အပါးမှ တစ်ဖဝါးမှ မခွာနိုင်ခဲ့ချေ။

'မ'သည် သူမျှော်လင့်သလို မာန်မာနကင်းမဲ့သူ တစ်ယောက် ဖြစ်ပါစေဟူ၍သာ အကြိမ်ကြိမ် ဆုတောင်းခဲ့ရလေသည်။

အမှန်တော့လည်း 'မ' ၏မေတ္တာကို မျှော်လင့်စောင့်စားခဲ့သည်မှာ နွေလတွင် ပူလောင်သော ကန္တာရထဲမှ မိုးရေကို မျှော်လင့်တောင့်တရသလို ရှိလေတော့သည် တကား။

[ ၂ ]

ကိုဘခက်သည် တစ်ခုတည်းသော အနုပညာ ယုံကြည်ချက်ဖြင့် တယောကိုပိုက်ကာ ရန်ကုန်သို့ ဆင်းခဲ့သူဖြစ်သည်။

ဂီတသုခုမအဖွဲ့ချုပ်ကြီးမှ ကြီးမှူးကျင်းပသော ဂီတပြိုင်ပွဲကြီးကိုလည်း ဝင်ရောက်ဆင်နွှဲရန် အားခဲလာသူဖြစ်သည်။ ကိုဘခက်သည် ပြိုင်ပွဲမကျင်းပမီ တစ်ပတ်လောက်စော၍ ရန်ကုန်သို့ ရောက်ခဲ့သည်။ ရန်ကုန်၌ သူ့အတွက် ခြေချစရာမရှိချေ။

ပြိုင်ပွဲတာဝန်ခံ လူကြီးတစ်ယောက်၏အိမ်တွင် ကပ်၍ နေခဲ့ရသည်။ ပြိုင်ပွဲမကျင်းပမီရက်များတွင် ကိုဘခက်သည် တယောနှင့် လက်ကို အပြတ်မခံဘဲ လေ့ကျင့်ခဲ့သည်။ သူ၏ ဖွဲ့နှင့်စွမ်းရည်ကို သည်ပွဲတွင် မှတ်ကျောက် တင်ရတော့မည်ဟု အားခဲခဲ့သည်။ အားခဲထားသည့်အတိုင်းလည်း ပြိုင်ပွဲတွင် ရဲဝံ့သော သတ္တိဖြင့် ယှဉ်ပြိုင်ခဲ့လေသည်။ သို့သော် မှန်းချက်နှင့် နှမ်းထွက်ကား အကွာကြီးကွာလှပေသည်။ ဝင်ရောက်ယှဉ်ပြိုင်သော ဘာသာသုံးရပ်တွင် ကိုဘခက်သည် တစ်ခုမျှပင် နံပါတ်မချိတ်ခဲ့နိုင်ပေ။

အနုပညာကို ဘယ်အရာဖြင့် တိုင်းတာဆုံးဖြတ်ကြသည်ကို စဉ်းစား၍ မရနိုင်အောင် ရှိလေသည်။ အနုပညာကို ဆုံးဖြတ်ရာ၌ လူပုဂ္ဂိုလ်သံယောဇဉ်ကို မူတည်၍ ဆုံးဖြတ်ကြသလော၊ ဂုဏ်ဓနကို လိုက်၍ ဆုံးဖြတ်ကြသလော၊ ဂုဏ်အရှိန်အဝါ မြင့်ရာကိုလိုက်၍ ဆုံးဖြတ်ကြသလော၊ သူ့စိတ်ထဲတွင်ကား ဝေခွဲ၍မရနိုင်အောင် ရှိတော့သည်။

စန္ဒရားတွင် ပထမရသူသည် သူ၏နာမည်ကို ကြေညာစဉ်ကပင် နောက်ဆွယ်မှ ဘွဲ့ထူးစာလုံးများ မဆီမဆိုင် ထည့်သွင်းကြေညာခဲ့လေသည်။

စန္ဒရားပြိုင်ပွဲမှာ ပထမရရှိသူကတော့ ပရိသတ် အများသိပြီးဖြစ်ကြတဲ့ တက္ကသိုလ်မြမြကြည် (ဘီအေ)ပါပဲခင်ဗျာ ..."

ပြိုင်ပွဲခန်းမတစ်ခုလုံးတွင် ဩဘာသံများသည် နားကွဲလုမတတ် ဆူညံ၍လာသည်။ ကိုဘခက်သည် အံကို တင်းတင်းကြီး ကြိတ်ထားလိုက်သည်။

"အများသိပြီးဖြစ်တဲ့ တက္ကသိုလ်မြမြကြည် (ဘီအေ)"

ကိုဘခက်စိတ်ထဲတွင် ဤနာမဝိသေသနများ ဘာကြောင့် ထည့်သွင်းကြေညာရသည်ကို စဉ်းစား၍မရအောင် ရှိတော့သည်။

အခမ်းအနားမှူးက အနိုင်ရရှိသူများ၏ နာမည်ကို ဆက်၍ ကြေညာပြန်သည်။

"စောင်းပြိုင်ပွဲမှာ ပထမရသူကတော့ ဂီတတံခွန် ကိုအောင်ဒွေးပါပဲ"

ကိုဘခက်သည် ဆုယူသူကို ငေး၍ကြည့်နေမိသည်။ အမှန်၌ ဂီတတံခွန် ကိုအောင်ဒွေးသည် စောင်းကို ကြိုးလွတ်အောင်ပင် တီးနိုင်သူ မဟုတ်ချေ။

ဤသို့ စောင်းပညာအရာတွင် နုနယ်လှသေးသူ တစ်ယောက် ပထမရသည်မှာ .... ကိုဘခက်သည် လက်ထဲမှတယောကို ခပ်တင်းတင်းဆုပ်ထား လိုက်မိသည်။

"တယောပထမဆုရသူကတော့ ကိုဖေသန်းမောင် ပါပဲခင်ဗျာ"

ကိုဘခက်သည် ပို၍အံ့ဩမိပြန်သည်။ ခုတစ်ကြိမ်တွင် သူ့စိတ်ထဲ၌ ခံပြင်းလာသည်။ မကျေချမ်းနိုင်အောင် ရှိတော့သည်။ ဤ အကဲဖြတ်လူကြီးမင်းတို့ ဂီတအနုပညာကို အဘယ်အရာဖြင့် တိုင်းတာ ဆုံးဖြတ်ကြသည်ကို နားမလည်နိုင်အောင် ရှိတော့သည်။ ဘေးမှ တီးတိုးပြောသောစကားသံများ သည် သူ၏ဒေါသစိတ်ကို ပို၍ ပြင်းထန်စေတော့သည်။

"ရှင်းနေပါတယ်ကွာ၊ စောင်း ပထမရတဲ့လူက ဦးချမ်းမြရဲ့ တပည့်ကွာ၊ စန္ဒရား ပထမရတဲ့ တက္ကသိုလ်မြမြကြည်က ဒေါ်မြသန်းကြည်ရဲ့ တပည့်၊ တယော ပထမရတဲ့ကောင်က ဒေါ်မြသန်းကြည်ရဲ့ယောက်ျား ကိုမှင်ရဲ့တပည့် သူတို့လူ သူတို့ ပေးတာပဲ"

ကိုဘခက်သည် နေရာမှထလိုက်သည်။ သူ့ တစ်ကိုယ်လုံးသည် ဒေါသစိတ်ဖြင့် တဆတ်ဆတ် တုန်၍နေသည်။ ဘေးမှလူများက သူ့ကို ဝိုင်း၍ ကြည့်ကြသည်။ ကိုဘခက်သည် လက်တစ်ဖက်မှ တယောဘိုးတံကိုကိုင်၍ တစ်ဖက်မှ တယောကို ကိုင်ထားရင်းက ဒေါသဖြင့် အော်၍ပြောလိုက်သည်။

ဒီမှာခင်ဗျာ .... ကျွန်တော် စကားနည်းနည်း ပြောချင်ပါတယ်။ ကျွန်တော်ဟာ ဒီဂီတပညာကို ချစ်လို့၊ မြတ်နိုးလို့ ရန်ကုန်နဲ့ မိုင်ပေါင်းနှစ်ရာ နီးပါးဝေးတဲ့ခရီးက လာရောက်ယှဉ်ပြိုင်ခဲ့တဲ့ အညတရတစ်ယောက်ပါ။ ကျွန်တော်ယှဉ်ပြိုင်တဲ့ စောင်း၊ တယော၊ စန္ဒရား သုံးမျိုးစလုံးမှာ ကျွန်တော့်ရဲ့ပညာကို အကဲဖြတ်လို့ရနိုင်ပါတယ်။ ကျွန်တော် နားလည်ခဲ့တဲ့ ဂီတအနုပညာဆိုတာ ပုဂ္ဂိုလ် သံယောဇဉ်လည်း မပါပါဘူး။ မဆိုင်တဲ့ ဂုဏ်ဒြပ် ဘွဲ့ထူးတွေလည်း မပါပါဘူး။ ဂီတပညာဆိုတာ ကလေးများစာကျက်သလို ကျက်လို့ရတာမျိုးလည်း မဟုတ်ပါဘူး။ သင်ရိုးဦးနှောက်နဲ့ မှတ်ရပါတယ်။ လက်နဲ့ လေ့ကျင့်ရပါတယ်။ ဒါပေမဲ့ နှလုံးသားက ရိုက်ခတ်လာတဲ့ အသိအရ နားထောင်သူတွေကို ခံစားချက်တစ်ခုခုရအောင် တီးနိုင်တာဟာ ဂီတ ပညာပါပဲ။ စည်း၊ ဝါး၊ မှင်မောင်းကို လှအောင်မတီး တတ်ဘဲ၊ အတွဲအဖက် ဒရန့်ဒွန့်ကို မှန်အောင် မတီးနိုင်ဘဲ အကဲဖြတ်လူကြီးများက အနိုင်ပေးပြီး ဆုံးဖြတ်တာဟာ ဂီတကို ဆုံးဖြတ်တယ်လို့ ကျွန်တော် လုံးဝမယုံကြည်ပါဘူး။ ပုဂ္ဂိုလ် သံယောဇဉ်လိုက်ပြီး ဆုံးဖြတ်တာ ဖြစ်ချင်ဖြစ်မယ်၊ ဂိုဏ်းဂဏအရလိုက်ပြီး ဆုံးဖြတ်တာ ဖြစ်ချင်ဖြစ်မယ်၊ ဂုဏ်အရှိန်အဝါကိုလိုက်ပြီး ဆုံးဖြတ်တာ ဖြစ်ချင်ဖြစ်မယ်။ ဒီလို ဂီတပညာကို အလွဲသုံးစားလုပ်တဲ့ ပြိုင်ပွဲကို ဝင်ခဲ့မိတာဟာ ကျွန်တော့်ရဲ့ အမှားပဲ။ ဒီလိုပြိုင်ပွဲမျိုးတွေ ကြီးစိုးနေသမျှ ကျွန်တော်ဟာ တစ်သက်နဲ့တစ်ကိုယ် ပြိုင်ပွဲမဝင်တော့ပါဘူးလို့ ပရိသတ်ရှေ့မှာ ကြေညာပါတယ်"

**ဆက်လက်ဖော်ပြပါမည်။**

> **"အနုပညာကို ဆုံးဖြတ်ရာ၌ လူပုဂ္ဂိုလ်သံယောဇဉ်ကို မူတည်၍ ဆုံးဖြတ်ကြသလော၊ ဂုဏ်ဓနကိုလိုက်၍ ဆုံးဖြတ်ကြသလော၊ ဂုဏ်အရှိန်အဝါ မြင့်ရာကိုလိုက်၍ ဆုံးဖြတ်ကြသလော၊ သူ့စိတ်ထဲတွင်ကား ဝေခွဲ၍မရနိုင်အောင် . . ."**



## စာရေးဆရာ အောင်လင်း ကိုယ်ရေးအကျဉ်း

စာရေးဆရာ အောင်လင်းကို ၁၉၂၈ ခုနှစ် မတ်လ ၃၁ ရက် စနေနေ့ နံနက် ၉နာရီခွဲတွင် အဖ အငြိမ်းစားခရိုင်ရဲဝန်ထောက် ဦးဘရှိန်၊ အမိဒေါ်မြစ်တို့မှ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၌ မွေးဖွားခဲ့သည်။ မွေးချင်း နှစ်ယောက်ရှိသည့်အနက် အငယ်ဖြစ်ပြီး အမည်ရင်းမှာ တင်ဖေ ဖြစ်သည်။

**ကလောင်အမည်များ**

၁၉၄၇ တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး ပခုက္ကူ အပုလေး၊ တက္ကသိုလ်မြသွေး၊ တက္ကသိုလ်အပုလေး၊ ရွှေကူတင်၊ တက္ကသိုလ်ဝတီ၊ ဆူးညှော်စသော ကလောင်အမည်များဖြင့် စာများ စတင်ရေးသားခဲ့သည်။

၁၉၄၈ တွင် သထုံဆောင်တွင် နေရင်း တက္ကသိုလ်တက်ရောက်ခဲ့ကာ အောင်လင်း ကလောင်အမည်ကိုသုံး၍ စာများစတင် ရေးသားခဲ့သည်။

ဂီတအနုပညာကို ဝါသနာပြင်းပြလှသဖြင့် ပညာကို ဆုံးခန်းတိုင် မသင်ဘဲ တက္ကသိုလ်မှ ထွက်ခဲ့သည်။ ဆန်းသစ်စ၊ ဆန်းအဖွဲ့၊ တေးသစ်လွင် စသည့် အပျော်တမ်းတူရိယာအဖွဲ့များကို ဦးဆောင်ကာ သီချင်းများ ရေးသား အသံလွှင့်ခဲ့သည်။ သီချင်းပုဒ်ရေ ဖ၀ ကျော်ခန့် ရေးသား ခဲ့သည်။

အနုပဋိလောမ အဖွင့်၊ ငယ်ကျွမ်းဆွေရုပ်ရှင် ဝတ္ထု၊ ချစ်သံသရာ၊ နှောင်းသစ္စာ၊ လူမော်၊ လက်ရွေးစင်ဝတ္ထုတိုများ၊ ပစ်တိုင်းထောင်၊ နွေသဇင်၊ ဗေဒါ၊ ချစ်နှင်းမှုန်မှုန်၊ အရိုင်းစံပယ် စသော ဝတ္ထုများ ရေးသားခဲ့သည်။

**၁၇ ကြိမ် ရိုက်နှိပ်ထုတ်ဝေ**

အရိုင်းစံပယ် ဝတ္ထုမှာ ၁၉၆၀ ပြည့်နှစ် စာပေဗိမာန် ဝတ္ထုရှည်ဆုရရှိခဲ့ပြီး အကြိမ်ပေါင်း ၁၇ ကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

စာအုပ်ပေါင်းများစွာ၊ တေးသီချင်းပေါင်း များစွာ ရေးခဲ့ကာ ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက် ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂ နာရီတွင် တိုက်အမှတ် ၄၊ အခန်းအမှတ် ၅၊ ဖဆပလ အိမ်ရာ၊ ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သည်။

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# မြန်မာဘာသာ ကြေးနန်းရိုက်ကြားနည်း စတင်တီထွင်သူ ယောမင်းကြီးဦးဘိုးလှိုင်

မင်းသက်တင်

မြန်မာ့သမိုင်းတွင် သမိုင်းဝင်ထင်ရှားခဲ့သည့် ပညာရှိကြီးများမှ အထင်ကရပညာရှိကြီးဖြစ်သော ယောမင်းကြီး ဦးဘိုးလှိုင်ခေါ် ယောအတွင်းဝန်ဦးဘိုးလှိုင်သည် ကုန်းဘောင်ခေတ်တွင် ထင်ရှားခဲ့သည့် ပညာရှိတစ်ဦးဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် တလုပ်မြို့နယ် ရွာပုလဲရွာ၌ အဘ ယင်းတောဝန် သတိုးမင်းလှကျော်ထင်နှင့် အမိ မယ်ငြိမ်းတို့က နှောင်းတန်ခူးလဆန်း ၁၀ ရက် နံနက် ၃ နာရီကျော်တွင် ဖွားမြင်ခဲ့သည့် မှူးမတ်မျိုးရိုးဖြစ်ပြီး ငယ်နာမည်မှာ မောင်ဘိုးလှိုင်ဟု ခေါ်တွင်သည်။

မောင်ဘိုးလှိုင်၏ အသက် (၁၆) နှစ်အရွယ်တွင် ဖခင်ဖြစ်သူအား သာယာဝတီမင်းကြီးကိုယ်တော်တိုင်က လှံဖြင့်ကွပ်မျက်ခြင်းခံခဲ့ရသည်။ သို့သော်လည်း မင်းတုန်းမင်းသား၏ကစားဖက်အဖြစ် ဖတဆိုးဖြစ်သူ မောင်ဘိုးလှိုင်မှာ ပညာကို ဆက်လက်သင်ယူခွင့်ရခဲ့သည်။

အရွယ်ရောက်လာသည့်အခါ မောင်ဘိုးလှိုင်၏အကြံပေးမှုအရ မင်းတုန်းမင်း ရှင်ဘုရင်ဖြစ်လာသည်။ ထိုအချိန်တွင် မောင်ဘိုးလှိုင်လည်း ယောမြို့စားအတွင်းဝန်အဖြစ် ချီးမြှင့်မြှောက်စားခြင်းခံခဲ့ရသည်။


မင်းတုန်းမင်းနှင့် သီပေါမင်းတို့၏လက်ထက်တွင် ဦးဘိုးလှိုင်ကို ယောမင်းကြီးဟု ခေါ်ဆိုလာကြသည့်အပြင် ရာထူးအမျိုးမျိုးဖြင့် သူကောင်းပြုခြင်းလည်းခံရလေသည်။ ဦးဘိုးလှိုင်သည် စာပေပိဋကတ်ကျွမ်းကျင်မှုကြောင့် ဘုရားဟောကြားသည့် တရားတော်အားလုံးကို တည်းဖြတ်ကာ ကျောက်ထက်အက္ခရာတင်သည့် ပဉ္စမသံဃာယနာတင်ပွဲကြီးကို ဦးဆောင်ခွင့်ရခဲ့သည်။

ထို့အပြင် အင်္ဂလိပ်ဘာသာကို ကောင်းစွာတတ်မြောက်ခြင်းကြောင့် သိပ္ပံပညာကျမ်းများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။

ထူးခြားမှုမှာ မြန်မာဘာသာဖြင့် ကြေးနန်းရိုက်ကြားနည်းကို ယောမင်းကြီးဦးဘိုးလှိုင်က စတင်တီထွင်ခဲ့ခြင်းဖြစ်သည်။ မြန်မာသင်ပုန်းကြီးမှ အခြေခံဗျည်း၊ သရနှင့် သင်္ကေတ ၆၂ မျိုးကို စုပေါင်းပြီး ဗျည်း၊ သရ ၂၅ မျိုးသာ အသုံးပြုထားသည့် ကြေးနန်းရိုက်နည်းဖြစ်သည်။ ထိုကျမ်း၏အမည်မှာ လိပိဒီပိကာကျမ်းဖြစ်သည်။ ဦးဘိုးလှိုင်၏ တီထွင်နိုင်သည့် ဉာဏ်ပညာကို အနောက်နိုင်ငံသားများက ချီးကျူးခဲ့ကြသည်ဟု သိရသည်။

ကျန်းမာရေးတွင် ယနေ့တိုင်တန်ဖိုးမဖြတ်နိုင်သော ဥတုဘောဇနကျမ်း၊ ကာယနုပဿနာကျမ်း စသည့် ထင်ရှားသောကျမ်းများအပြင် သိပ္ပံစာပေကျမ်း၊ မြန်မာစာပေကျမ်းစာအုပ်ပေါင်းများစွာကိုလည်း ရေးသားပြုစုခဲ့သည်။

အင်္ဂလိပ်အစိုးရနှင့် ချုပ်ဆိုသည့် ကုန်သွယ်ရေးစာချုပ်များကို ယောမင်းကြီးဦးဘိုးလှိုင်က ဦးဆောင်ရေးသား ဆွေးနွေးရသူဖြစ်သည်။ နိုင်ငံခြားသံတမန်များနှင့် ဆွေးနွေးသည့်အခါ ပရိယာယ်ကြွယ်ဝရ



ကြောင်းလည်း ထင်ရှားသည့်သာဓကတစ်ခုရှိခဲ့သည်။

ပြည်ပနိုင်ငံတစ်ခုက မိုးကုတ်ကျောက်တွင်းများကို ဝယ်ယူခွင့်ရရှိရန် စကားစတင်သည့်အခါ မြန်မာ့ကျောက်တွင်းများကို မရောင်းချလိုသည့်အတွက် ပရိယာယ်သုံးခဲ့သည့်ကိစ္စဖြစ်သည်။ ယင်းမှာ မိုးကုတ်ကျောက်တွင်းများဝယ်လိုသည့် ပြည်ပနိုင်ငံသံတမန်တို့ကို နန်းစဉ်ပတ္တမြားငမောက်ကို ထုတ်ပြကာ တန်ကြေးဖြတ်ရန်ပြောဆိုသည့်အခါ အရည်အသွေးကောင်းမွန်လှသည့် နန်းစဉ်ပတ္တမြားငမောက်ကို ပြည်ပနိုင်ငံသားတို့က တန်ကြေးမဖြတ်နိုင်ဖြစ်ရတော့သည်။

"မြန်မာ့နန်းစဉ်ပတ္တမြားတစ်လုံးရဲ့ တန်ဖိုးကိုတောင် မဖြတ်နိုင်ဘဲနဲ့ မိုးကုတ်ကျောက်တွင်းတွေကို အဘယ်မှာဝယ်ဖို့ဖြစ်နိုင်ပါမည်နည်း"

ယောမင်းကြီးဦးဘိုးလှိုင်က လက်တွေ့ပြသကာ မြန်မာ့မိုးကုတ်ကျောက်တွင်းများ မရောင်းချလိုမှုကို ပါးနပ်ကျွမ်းကျင်စွာဖြင့် ပြန်လည်မေးခွန်းထုတ်ပြီး မိုးကုတ်ကျောက်တွင်းများ ဝယ်ယူလိုသည့် တောင်းဆိုမှုအား လှလှပပငြင်းဆိုနိုင်လိုက်ခြင်းသည် သံတမန်ရေးရာ ကျွမ်းကျင်မှုကို ပြသလိုက်ခြင်းပင်ဖြစ်သည်။

"ငလှိုင် ဒီလှံကိုကြည့်စမ်း၊ ဘယ်သူကိုင်တဲ့လှံတုံး"

"အရှင့်ခမည်းတော်ဘုရားကိုင်ခဲ့တဲ့ လှံဖြစ်ကြောင်းပါ"

"ငါ့ခမည်းတော်သည် ဤလှံဖြင့် မည်သူ့ကို စီရင်ခဲ့သနည်း"

"ကျွန်တော်မျိုး၏ ကျေးဇူးရှင် အဘကို စီရင်ခဲ့ကြောင်းပါ"

"ဤလှံတော်ဖြင့် မောင်မင်းစီရင်ခြင်းခံလိုပါသလား .."

"ထိုးတော်မူပါဘုရား"

သက်ဦးစံပိုင်ဘုရင်စနစ်တွင် ဘုရင်ကို ရဲရဲဝံ့ဝံ့ရင်ကော့ပေးကာ လှံထိုးခံခဲ့သည့် မြန်မာပညာရှိကြီးအဖြစ် မြန်မာ့သမိုင်းတွင်ခဲ့သည်လည်းဖြစ်သည်။

ဖြစ်စဉ်မှာ အမှန်တရားကို ရဲဝံ့စွာလျှောက်တင်ခဲ့မှုကြောင့် ဘုရင်မင်းမြတ်က အမျက်တော်ရှသဖြင့် လှံကိုကိုင်စွဲပြီး ချိန်ရွယ်လျက် မေးမြန်းစိစစ်တော်မူသည့် အပြန်အလှန်စကားများပင်ဖြစ်သည်။ ယင်းဖြစ်စဉ်တွင် ယောမင်းကြီးဦးဘိုးလှိုင်သည် ဘုရင်မင်းမြတ်၏ စီရင်မှုကို ရဲဝံ့စွာခံယူခဲ့သည်။

ဘုရင်မင်းမြတ်အား ညာဝါးနေသည့် မှူးမတ်များအကြောင်းကို ဟုတ်ကြောင်းမှန်ရာအတိုင်း ဘုရင့်ထံသို့ သံတော်ဦးတင်လိုက်မိခြင်းကြောင့်ဖြစ်ပေသည်။

ယောမင်းကြီးဦးဘိုးလှိုင်သည် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးစီးပွားကောင်းများစွာကိုရှေးရှုကာ မည်သို့ပင် ကြိုးစားဆောင်ရွက်ပေးနိုင်ခဲ့စေကာမူ မင်းလိုလိုက် မင်းကြိုက်ကိုမဆောင်ဘဲ မှန်ကန်သည့် သစ္စာတရားကိုသာ ရဲဝံ့စွာဖြင့် လက်ကိုင်ထားဆောင်ရွက်ခဲ့သည်ဖြစ်ခြင်းကြောင့် မကြာခဏရာထူးမှ ဖြုတ်ချခြင်းခံခဲ့ရသည်။ ထောင်သွင်းအကျဉ်းချခံရသည်လည်းရှိခဲ့သည်။

ယောမင်းကြီး ဦးဘိုးလှိုင်သည် မကွယ်လွန်မီ တစ်လအလိုတွင် စာရေးသည့်အလုပ်ကို အပြီးအပိုင်ရပ်စဲကာ သူ၏နောက်ဆုံးခရီးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သတိပဋ္ဌာန်တရားများ နာယူလျက် အသက် (၅၄)နှစ် အရွယ်တွင်ကွယ်လွန်ခဲ့သည်။ သူ၏အုတ်ဂူအား မန္တလေးမြို့ ၂၂လမ်း မြစ်ဆိပ်အနီးရှိ ယောမင်းကြီးဈေးအနီးတွင် မိသားစုနှင့်အတူ ဂူသွင်းမြှုပ်နှံထားကြောင်းသိရသည်။

မည်သို့ပင်ဖြစ်စေ ယောမင်းကြီးဦးဘိုးလှိုင်သည် မှန်ကန်သော သစ္စာတရားကို လက်ကိုင်ပြု၍ မှန်ရာကို ပြောဆိုရဲသည့်သတ္တိကို စွဲကိုင်နိုင်ခဲ့သည့်အပြင် ခေတ်ဟောင်းအယူအဆများကို အတွေးသစ်အမြင်သစ်များဖြင့် ထည့်သွင်းစဉ်းစားရုံမျှမက ရှေးကမြန်မာ့နီတိကျမ်းများကိုအခြေပြု၍ ကမ္ဘာ့အတွေးအမြင်များနှင့်ပေါင်းစပ်ကာ မြန်မာပိုင်ပစ္စည်းဖြစ်အောင် ပြောင်းလဲပေးခဲ့သော ဂန္ထဝင်ပညာရှင်ကြီးတစ်ဦးလည်းဖြစ်ပေသည်။

မြန်မာ့သမိုင်းတွင် မှတ်တမ်းဝင်ပြီး မှတ်တမ်းတင်ရလောက်သည်အထိ ယနေ့တိုင်ထင်ရှားလျက်ရှိသည့် မြန်မာပညာရှိအကျော်အမော်တစ်ဦးပင်ဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**လူရှေ့တိုင်းရင်းသားစကားထာ**

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းအတွင်း ကျေးလက်တောရွာတစ်ရွာရှိ သူငယ်ချင်းနှစ်ဦးဖြစ်သည့် ဗညားနှင့် လဂွန်းအိမ်တို့သည် ရွာဦးကျောင်း၌ ကျောင်းသင်ခန်းစာနှင့် ဘုန်းတော်ကြီးသင်စာပေများကို သင်ယူလျက်ရှိသည်။

မွန်တိုင်းရင်းသားဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစား ပညာဆည်းပူးနေကြသူများဖြစ်ရာ ပညာကိုလိုလားပြီး စာကြိုးစားသူများလည်းဖြစ်သည်။ အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားကြလေ့ရှိကြသည်။

"ဗညားရေ ဉာဏ်စမ်းပဟေဠိမေးတမ်း ကစားတော့မယ်ကွာ"

လဂွန်းအိမ်က မြက်ခင်းစိမ်းစိမ်းများပေါ်သို့ လဲလျောင်းရင်း ပြောလိုက်သည်။ "လုပ်လေကွာ၊ ငါက အမြဲအသင့်ပဲ" ဗညားက ဘောလုံးကို အဝေးသို့ ကန်ထုတ်လိုက်ရင်းပြန်ပြောသည်။

"မေးပြီနော်။ တောင်ပေါ်ကဆင်းပြီး လွင်တီးခေါင်ပေါ်တက်၊ လှုပ်ရှားမှုမရှိတဲ့ အရာဝတ္ထုဟာဘာလဲ"

"လဂွန်းအိမ်ရာ မင်းရဲ့မေးခွန်းကလည်း အဆန်းပါလားကွ။ စဉ်းစားရတော့မှာပေ့ါကွာ"

ဗညားတစ်ယောက် မန်ကျည်းပင်ကြီး၏ ပင်စည်ကို ကျောမှီထိုင်လိုက်ရင်း စဉ်းစားခန်းဝင်နေတော့သည်။

"အဖြေက ရှိပြီးသားဗညားရေ…၊ စဉ်းစားလို့မရရင် ပန်းပေးလိုက်ပေ့ါကွာ ဟင်း ဟင်း ဟင်း"

လဂွန်းအိမ်၏စကားကြောင့် ဗညားတစ်ယောက် အခံရခက်နေရပြီး စဉ်းစားရင်းဖြင့် တဖြည်းဖြည်းပြုံးယောင်သန်းလာသည်။

"သူငယ်ချင်းရယ်.. စဉ်းစားရင် အဖြေကထွက်ပါတယ်ကွာ။ မင်းမေးတဲ့ "တောင်ပေါ်ကဆင်းပြီး လွင်တီးခေါင်ပေါ်တက်၊ လှုပ်ရှားမှုမရှိတဲ့အရာဝတ္ထုဟာဘာလဲ"ဆိုတာ လူရှေ့တိုင်းရင်းသားရိုးရာစကားထာတွေထဲကပဲ။ အဖြေက "လူသွားလမ်း"လေ။ အဓိပ္ပာယ်ဖွင့်ဆိုရရင် တောင်ပေါ်မှတောင်အောက်သို့ဆင်းသွားတဲ့ လူသွားလမ်းကို ဆိုလိုတာပါပဲ။ ဟုတ်တယ်ဟုတ်"

ဗညာက ဉာဏ်စမ်းအဖြေနှင့် အဓိပ္ပာယ်ရှင်းလင်းချက်ကို ပိုင်ပိုင်နိုင်နိုင်ဖြေဆိုလိုက်ရာ လဂွန်းအိမ်တစ်ယောက် အသံတိတ်သွားတော့သည်။

"ဒီတစ်ခါ ငါမေးရမယ့်အလှည့်ပဲ။ ကြိုးစားပြီးသာဖြေပေတော့ လဂွန်းအိမ်ရေ"

"မေးသာမေးပါကွာ"

"မေးပြီသူငယ်ချင်းရေ၊ ငယ်စဉ်ကခြေလေးချောင်း၊ အရွယ်ရောက်တော့ ခြေနှစ်ချောင်း၊ အရွယ်လွန်သော် ခြေသုံးချောင်းနဲ့သွားလာရတာ ဘာသတ္တဝါလဲ"

ခုတစ်ခါခေါင်းကုတ်လိုက်ရသည်က လဂွန်းအိမ်။ ခေါင်းကုတ်စဉ်းစားနေသည့်တိုင် အဖြေကားချက်ချင်းမထွက်နိုင်ဖြစ်နေရသည်။

"ဘယ်လိုလဲ သူငယ်ချင်း၊ စဉ်းစားကာ နေရဦးမယ် …၊ စဉ်းစားကာ နေရဦးမယ်ဆိုတဲ့သီချင်းကို သတိရတယ်ကွာ"

အကြံအိုက်နေသည့် လဂွန်းအိမ်ကို ဗညားက မထိတထိခပ်ထေ့ထေ့ ပြောလိုက်သည်။

"အဲဒါကို ခဏထားလိုက်ကွာ၊ နောက်မှ ငါဖြေမယ်လေ။ ငါ မေးခွန်း တစ်ခုမေးချင်လို့"

"နိုးနိုး … သူငယ်ချင်း၊ အဖြေကိုမဖြေရသေးဘဲ နောက်မေးခွန်း မေးတာ လက်မခံနိုင်ပေါင်ဗျာ။ ဖြေမှာသာ ဖြေပါသူငယ်ချင်း၊ အချိန်စေ့ တော့မယ်နော်"

လဂွန်းအိမ်၏စကားကို ဗညားကလက်မခံသဖြင့် အဖြေကိုမရမက စဉ်းစားကာ လဂွန်းအိမ်တစ်ယောက် ဖြေရပေတော့သည်။

"ဒါဆိုလည်း ဖြေမယ်ကွာ၊ "မေးထားတာက ငယ်စဉ်က ခြေလေးချောင်း၊ အရွယ်ရောက်တော့ ခြေနှစ်ချောင်း၊ အရွယ်လွန်သော် ခြေသုံးချောင်းနဲ့သွားလာရတာ ဘာသတ္တဝါလဲ"လို့မေးထားတာဆိုတော့ အဖြေကရှင်းပါတယ် ဗညားရာ။ အဖြေက.. "လူ"ဆိုတဲ့ သတ္တဝါပေ့ါ။ လူရှေ့တိုင်းရင်းသားရိုးရာစကားထာတွေထဲကပါပဲ။ အဓိပ္ပာယ်ကတော့ လူရယ်လို့ဖြစ်လာရင် ငယ်စဉ်ကလေးဘဝမှာ လေးဘက်ထောက်သွားနေလို့ ခြေလေးချောင်းနဲ့တူတယ်။ အရွယ်ရောက်တဲ့အခါ ခြေနှစ်ချောင်းနဲ့ သွားလာကြတယ်။ အရွယ်လွန်လို့ မသန်စွမ်းတဲ့အခါ တောင်ဝှေးလို့ခေါ်တဲ့ တုတ်ကောက်ကို အဖော်ပြုသွားလာရလို့ ခြေသုံးချောင်းနဲ့တူနေပြန်တာမို့လို့ အဲဒီလို ခိုင်းနှိုင်းသုံးနှုန်းတဲ့ သဘောမျိုးကို ဆိုလိုတာပါ"

လဂွန်းအိမ်ဖြေဆိုလိုက်သည့်အဖြေက တိကျသေချာမှုကြောင့် ဗညားတစ်ယောက် မျက်လုံးပြူးသွားရသည်။ "တော်ပါပေတယ် သူငယ်ချင်းရယ်၊ တော်ပါပေတယ်။ ကဲ- ငါတစ်ခုမေးဦးမယ်"

"မေးလေ ဗညား၊ မေးပါ"၊

"မေးချင်တာကတော့ "အပြင်ကကျောက်၊ အတွင်းကရွှေ အဲဒါဘာလဲ" ဖြေပေးပါဦးသူငယ်ချင်း"

လဂွန်းအိမ်က ထိုမေးခွန်း၏အဖြေကို သိနေသည်လားမသိ။ သိပ်ပြီးစဉ်းဟန်မရှိဘဲ မြက်ခင်းစိမ်းစိမ်းများကို လက်ဖြင့်တစ်ချက်သပ်လိုက်ပြီး ဖြည်းဖြည်းချင်းပြန်ဖြေပေးလိုက်သည်။

"သူငယ်ချင်းမေးတာက "အပြင်ကကျောက်၊ အတွင်းကရွှေ အဲဒါဘာလဲ"လို့ မေးထားတာဆိုတော့ အဖြေက "ကြက်ဥ" ပေ့ါ။ အဓိပ္ပာယ်ဖွင့်ဆိုချက်က ကြက်ဥခွံကို ကျောက်နဲ့ပမာနှိုင်းပြီး အတွင်းအနှစ် အဝါရင့်ရောင်ကို ရွှေနဲ့ခိုင်းနှိုင်းထားတာပေ့ါကွာ။ ဒါလည်း လူရှေ့တိုင်းရင်းသား ရိုးရာစကားထာတွေထဲကပါပဲကွာ"

"မှန်ပ့ါဗျာမှန်ပ့ါ။ သူငယ်ချင်းလည်း တော်တာပါပဲ"

ထိုအချိန်တွင် ဘုန်းကြီးကျောင်းမှ နာရီသံချောင်းခေါက်သံလေးချက်ထွက်ပေါ်လာရာ ညနေပိုင်းရေချိုးရန် အချက်ပေးခေါင်းလောင်းသံဖြစ်သဖြင့် ဗညားနှင့် လဂွန်းအိမ်တို့သူငယ်ချင်းနှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

ဝတ္ထုတို

# မျှော်လင့်ပြီးပျော်

လင်းမောင်(စီးပွားရေး)

“ဦးကိုကိုလင်း ရှိပါသလားရှင်”

ကျွန်တော့်ရုံးခန်းသို့ ကလေးမလေး တစ်ယောက် ရောက်လာသည်။ ကျွန်တော့်မြေးက ခေါ်လာပေးသည်။ ဧည့်ခန်းတွင် ထိုင်နေသော ဖြူဖြူ သွယ်သွယ်မိန်းကလေးကို ကျွန်တော် မသိ။

“သမီးက ဘယ်သူလဲကွယ့်၊ စိတ်မရှိနဲ့နော်။ အန်ကယ်က မမှတ်မိတာလည်း ဖြစ်နိုင်ပါတယ်”

“ရပါတယ်အန်ကယ်၊ သမီးက ဒေါ်ကလျာမိမိမိုးရဲ့မြေးပါ”

“ဩော် အေး အေး၊ ဒေါ်မိကော မပါဘူးလား”

“ပါပါတယ် အန်ကယ်။ ကားထဲမှာပါ”

“ဟုတ်လား၊ တစ်ခါတည်းလိုက်လာခဲ့ရောပေါ့။ လာလာသွားခေါ်ရအောင်”

ကျွန်တော်က ပြောပြောဆိုဆို ထိုင်ရာက ထမည်အလုပ်မှာမိန်းကလေးက ပျာပျာသလဲတားကာ သူ့ဘာသာ သွားခေါ်မည်ဟုပြန်ပြောကာ ထသွားသည်။

ကျွန်တော့် အတွေးတို့တွင် တရိပ်ရိပ်ပေါ်လာသည်။ ကလျာမိမိမိုးသည် တက္ကသိုလ်တုန်းက သူငယ်ချင်း၊ ကန်တော်ကြီးမှာ လမ်းလျှောက်စဉ် ပြန်တွေ့လိုက်ရသည့် တက္ကသိုလ်ကငွေလမင်း။ တစ်ပြည်သူ မရွှေထားအဖြစ် တင်စားခေါ်ဝေါ်ခံရ လောက်အောင်ပင် သံယောဇဉ်အမျှင် အတန်းကို သစ်စိမ်းချိုးချိုးကာ ပြည်ပတွင် ကျောင်းပြီးကတည်းက သွားရောက်နေထိုင်ခဲ့ပြီး အသက်ခြောက်ဆယ်ဝန်းကျင်ရောက်မှ မြန်မာပြည်သို့ ပြန်လာသူ။ ကျွန်တော်တို့ ဝန်းကျင်တွင် လူသိများထင်ရှားသည့် တစ်ချိန်က အီကိုကွင်းပင်ဖြစ်သည်။

ဧည့်ခန်းထဲသို့ တစ်လှမ်းချင်းဝင်လာသည့် ကလျာမိမိမိုးကို ဝမ်းပန်းတသာ ကြိုဆိုလိုက်သည်။

“လာလာ သူငယ်ချင်းရေ။ ဖြည်းဖြည်း ထိုင်ဦးနော်၊ ကဲ ဘာစားမလဲပြောကြည့်”

“ရပါတယ် ကိုလင်းရာ။ ဒီအပြောလေးတွေက ဟိုတုန်းကအတိုင်းပဲနော်။ ဒီနေ့သွားချင်တဲ့ နေရာလေးတွေရှိလို့၊ ကိုလင်းကို လာခေါ်တာ။ လိုက်စေချင်တာလည်း ပါတယ်။ အားရော အားရဲ့လား”

“ဒီအဘိုးကြီးအရွယ်ရောက်မှ မအား ရှိပ့ါမလား၊ အားပ့ါဗျား”

“ဒါဆိုသွားလို့ရပြီလား”

“ရပါတယ်။ ဆိုပါဦး အစီအစဉ်တွေကကော ဘာတွေလဲ၊ ဘယ်သူတွေပါဦးမလဲ”

“အင်းလျားဘက်သွားမယ်၊ ခေမရဋ္ဌမှာ နေ့လယ်စာဝင်စားကြမယ်။ ပြီးတော့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှာ လှူဒါန်းမှုလေး သွားလုပ်ချင်တယ်။ မနုလည်း ကိုကြည်မြင့်နဲ့ လာကြလိမ့်မယ်။ ဒီကားမှာတော့ ကိုလင်းနဲ့ နှစ်ယောက်တည်းပေါ့”

“ဒါဆို အကြံတစ်ခုပေးကြည့်မယ်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကို အရင်ဦးဆုံး သွားလှူကြရင် မကောင်းဘူးလား။ အခုအထိ သက်ရှိထင်ရှားရှိနေတဲ့ သူငယ်ချင်း သုံးယောက်ပေါင်းပြီး ငွေပဒေသာပင်လှူကြရအောင်”

ကျွန်တော့်စကားကို ကလျာမိမိမိုးကထောက်ခံသည်။ တစ်ဆက်တည်းမှာပင် ကိုကြည်မြင့်တို့ထံ ဖုန်းဆက်ပြောရန်ပြင်နေသည်ကို သတိထားမိသည်။ အဆင်သင့်ဖြစ်နေရန် ကျွန်တော် အမြန်ပြင်ဆင်လိုက်သည်။

“မနုတို့လည်း ဒီကိုလာလိမ့်မယ်။ ဒီကမှ အတူသွားကြတာပေ့ါ”

“ကောင်းတာပေ့ါ။ ဩော် ပြောရဦးမယ် မင်းကွန်းတိပိဋကဆရာတော်ကြီးရဲ့ ဩဝါဒလေ”

“ဆိုပါဦး ကိုလင်း၊ ရှင်ကတော့ တရားနဲ့ကိုပျော်မွေ့နေတော့တာပဲနော်”

“လူသေသော်လည်းအလှူမသေသော အလှူကို လှူဒါန်းလိုကြပါက ငွေပဒေသာပင် စိုက်ထူရန်၊ အတိုးအညွန့်ဖြင့် ရာသက်ပန်လှူဒါန်းမှုပင် ဖြစ်ပါသည်တဲ့။ မင်းကွန်းဆရာတော်ကြီးရဲ့ ဩဝါဒနဲ့ အညီ ငါတို့သူငယ်ချင်းတွေ မသေခင် လှူဒါန်းမှုပြုကြမယ့် ရာသက်ပန်အလှူအတွက် ကြိုတင်ဝမ်းသာကြည်နူး သာဓုခေါ်မိလို့ ပြောတာပါ”

“သာဓု သာဓု သာဓုခေါ်ပါတယ် ကိုလင်းရယ်”

“ဒါကြောင့် ကိုယ်တိုင်ကိုယ်ကျ သွားနိုင်လာနိုင်တုန်းအချိန်၊ ကိုယ့်အရိုးကိုယ်သယ်နိုင်တုန်းအချိန်၊ မိမိကိုယ်ကို မိမိ အားကိုးလို့ရနိုင်သေးတဲ့အချိန်ဖြစ်တဲ့ ဒီလိုအရွယ် ဒီလိုအချိန်မှာ ကိုယ်ထိလက်ရောက် လှူဒါန်းမှုပြုရတာ အကောင်းဆုံးအချိန်ပါပဲ သူငယ်ချင်း”

ကလျာမိမိမိုးက သာဓုခေါ်ဆိုရာ ကျွန်တော်က “ရာသက်ပန်အလှူ” ကို ကိုယ်တိုင်ကိုယ်ကျ ကိုယ်ထိလက်ရောက် လှူဒါန်းမှုအကြောင်းနှင့် ပါချုပ်ဆရာတော်ကြီး၏ဆုံးမစကား “အတ္တာဟိ အတ္တနော နာထော၊ မိမိသာလျှင် ကိုးကွယ်ရာ” အကြောင်းတို့ကို ပြောပြနေမိသည်။

“ဆက်ပြောပါဦးကိုလင်း၊ ပါချုပ်ဆရာတော်ကြီးက ပြောထားတာလေးကိုလည်း ရှင်းပြပါဦး”

သူငယ်ချင်းတို့ ရောက်မလာခင် ကျွန်တော်က စကားကိုတစ်လုံးချင်း ဖြည်းဖြည်းမှန်မှန်ပြောလိုက်သည်။

“မိမိတို့ရဲ့ ကိုးကွယ်မှုဟာ သဒ္ဓါဆိုတဲ့ ယုံကြည်မှုတစ်ခုတည်းကို အခြေခံတာ မဟုတ်ဘူး။ အသိဉာဏ်ကိုပါ အခြေခံပြီးတော့ ကိုးကွယ်ဆည်းကပ်ကြတယ်။ အထူးသဖြင့် ဗုဒ္ဓရဲ့အဆုံးအမအတိုင်း ကျင့်သုံးနေထိုင်ကြတယ်လို့ ဆိုတဲ့နေရာမှာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမက ဘာလဲဆိုရင် “အတ္တာဟိ အတ္တနောနာထော” ပဲ။ ဒီအဆုံးအမဟာ အင်မတန်မှ တန်ဖိုးရှိတဲ့ အဆုံးအမပဲဖြစ်တယ်။ “မိမိသာလျှင် မိမိရဲ့ ကိုးကွယ်ရာ”လို့ ဆိုတယ်။ ဒီစကားဟာ သိပ်တန်ဖိုးရှိတယ်။ ဘာပြုလို့တန်ဖိုးရှိတယ်လို့ ပြောရတာလဲဆိုရင် လူတွေဟာ အကြောက်တရားနဲ့ တခြားအရာကို အားကိုးမျှော်လင့်ပြီး နေတတ်ကြတယ်။ အဲဒီအလေ့အထကြီးဟာ အင်မတန်မှ ကြီးမားလာတယ်၊ ကိုယ့်ကိုယ်ကိုယ် အားကိုးရမှန်းမသိဘူး။ လမ်းစပျောက်နေတယ်လို့ ပါချုပ်ဆရာတော်ကြီးရဲ့ စာတစ်ပုဒ်ထဲမှာ ဖတ်ရလို့ မှတ်သားမိတာလေးကို ဖောက်သည်ချရတာ”

“ကိုလင်းပြန်ပြောပြတာ အတော်ရှင်းသွားတယ်။ ဒီအသက်အရွယ်ရောက်နေပြီး မသိသေးဘူးဖြစ်နေတာ။ အခုအချိန်အထိကို သွားမယ်၊ လာမယ်၊ စားမယ်၊ သောက်မယ်၊ ပျော်မယ်၊ ပါးမယ်၊ စိတ်ကို အလိုလိုက်မိနေတုန်းပါပဲ။ စိတ်ပျို ကိုယ်နုဆိုတဲ့စကားကို တလွဲတွေ သုံးနေမိတာပေါ့”

“မှန်တယ်သူငယ်ချင်း၊ အရွယ် မရွေး၊ ကျားမ မရွေး နားလည်သိထားသင့်တာတွေပါပဲ။ တရားရှာ ကိုယ်မှာတွေ့ဆိုတဲ့စကားကလည်း အခုအချိန်မှာ သိပ်ကိုမှန်နေပြီလေ။ ထတာ ထိုင်တာ၊ သွားတာ လာတာ၊ စားတာ သောက်တာ ဟိုးငယ်ငယ်တုန်းကနဲ့ မတူတော့ဘူးလေ”

ကလျာမိမိမိုးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း နားစွင့်နေလေ၏။

“ဟုတ်တယ်ကိုလင်း၊ ကိုယ်တွေ သွားနိုင်လာနိုင်တုန်းအချိန်မှာ ကိုယ်ထိလက်ရောက်ကို လှူဒါန်းမယ်။ တရားရှု မှတ်နိုင်အောင်လည်း ကြိုးစားကြမယ်လေ”

“ဒီလိုအသိတရားရတာကောင်းတာပေ့ါ။ ဆရာတော်ကြီးက ထပ်ပြီးမိန့်မှာထားတာရှိသေးတယ်”

“ပြောပါဦး ကိုလင်းရယ်”

“အတ္တာဟိ အတ္တနော နာထော၊ မိမိသာလျှင် မိမိရဲ့ကိုးကွယ်ရာဖြစ်လို့ တခြားလူကိုးကွယ်ရာ မဟုတ်ဘူး။ အရာခပ်သိမ်းမှာ ကိုယ့်ကိုယ်ကိုယ် အားကိုးရမယ်။ ကိုယ့်အစွမ်းအစကို ကိုယ်ယုံကြည်ပြီးတော့ ကိုယ်တိုင် လုပ်ကိုင် ဆောင်ရွက်ရမယ်ဆိုတာ သဘောပေါက်နားလည်ရမယ်။ မိမိသည်သာ အားကိုးရာဆိုတာ ကိုယ့်ရဲ့ဆန္ဒ၊ ကိုယ့်ရဲ့လုံ့လဝီရိယ၊ ကိုယ့်ရဲ့ အသိဉာဏ်ကို တန်ဖိုးထားပြီး၊ ဆန္ဒနဲ့ မျှော်လင့်ပြီး၊ လုံ့လဝီရိယနဲ့ မရရအောင် ကြိုးစားပြီး အသိဉာဏ်နဲ့ မှန်ကန်တဲ့ နည်းလမ်းတွေကို ရှာဖွေအားထုတ်ရမယ်။ ဒါဟာ လက်တွေ့အင်မတန်ကျတဲ့ ကျင့်စဉ်တစ်ခုကို မြတ်စွာဘုရားက ဖော်ထုတ်တယ်လို့ မိန့်ကြားတော်မူတယ်”

ကျွန်တော့်စကား အဆုံးမှာ တက္ကသိုလ်မှာတုန်းက အတန်းဖော် သူငယ်ချင်းများ ဖြစ်ကြသည့် ကိုကြည်မြင့်နှင့် မနုတို့ပါရောက်လာပြီး သာဓုသုံးကြိမ်ခေါ်ဆိုလိုက်ကြသည်။

ထို့နောက်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးတွင် “ရာသက်ပန်အလှူ” အတွက် သွားရောက်လှူဒါန်းကြပြီး မိုးကုတ်တရားရိပ်သာမှာ တရားစခန်းဝင်နိုင်ရန် ကြိုးစားကြမည်ဟု ဆုံးဖြတ်လိုက်ကြရာ ကျွန်တော်တို့အားလုံးမှာ ဆန္ဒဖြင့် မျှော်လင့်ပြီး ပျော်ရွှင်ကြည်နူးမိကြလေတော့သည်။ ။

# ချီချင်းဓလေ့ လုံယူးပွဲတော်၏ထူးခြားချက်များ

အမ်းမ်လောင်ရှီ

(ယခင်အပတ်မှအဆက်)

ပွဲတွင်အသုံးပြုမည့် နွား(သို့)နွားနောက် (သို့)ကျွဲ အကောင်ရေ အလိုက် တစ်ကောင်လျှင် နတ်တိုင်တစ်တိုင်နှုန်းကျ ရှာဖွေရ၏။ အရေးကြီးသဖြင့် နတ်တိုင်တစ်တိုင်လျှင် အမျိုးသားနှစ်ယောက်အား တာဝန်ပေးအပ်လေ့ရှိကြ၏။ ဥပမာ နွားနောက်ခြောက်ကောင်သုံးမည့် ပွဲတွင် နတ်တိုင်ရှာရန် အမျိုးသား ၁၂ ယောက်ကို တာဝန်ပေးအပ်လေ့ရှိကြ၏။

ဆဌမထူးခြားချက်မှာ ကျောက်ပြင်ချီပွဲကျင်းပသူသာ ရေသွယ်ယူခွင့်ရခြင်းဖြစ်၏။

ပွဲတော်ရက်အတွင်း ဧည့်ပရိသတ်များစွာကို ချက်ပြုတ်ကျွေးမွေး ဧည့်ခံရာ၌လိုအပ်သောရေကို အချိန်မရွေးအသုံးပြုနိုင်ရန် ရေစီးအား ကောင်းသော ရွာနှင့်အနီးဆုံး ချောင်းတစ်ခုခုမှပွဲရှင်၏ အိမ်ရှေ့ကပြင် အရောက် ရေသွယ်ယူကြရ၏။ (ဤနတ်ပွဲမျိုးမှတစ်ပါး တစ်ဦးချင်း ရေသွယ်ယူရန် ချင်းဓလေ့က ခွင့်မပြုပေ။ တစ်ရွာလုံးသုံးမည့်ဘုံပိုင် ဘုံဆိုင် ရေသွယ်ခြင်းမျိုးသာရှိကြ၏။) နတ်ပွဲလုပ်ရန်တစ်ရက်အလိုတွင် ရေသွယ်ခြင်းကို ဆောင်ရွက်ကြ၏။ ဝါးများရှာခြင်း ရေသွယ်ခြင်းကို လူထုလုပ်အားဖြင့် ဆောင်ရွက်ကြ၏။

သတ္တမထူးခြားချက်မှာ လူဖမ်းပွဲကို ကျောက်ပြင်တင်သည့် နေရာ၌ ပြုလုပ်ခွင့်ရကြခြင်းဖြစ်၏။ ခေါင်ရည်လာတိုက်၍ သောက်မိပါကခေါင်ရည်တိုက်သူက ခေါင်ရည်သောက်သူအား (ဤခေါင်ရည် သည် လူဖမ်းသည့်ခေါင်ရည်ဖြစ်၍ သင့်လိပ်ပြာအား ငါဖမ်းပြီ။ သင့်လိပ်ပြာလွတ်မြောက်ရေးအတွက် အိမ်ရောက်လျှင် ငါ့အား ခေါင်ဦးရည်တိုက်လော့) ဟုပြောမှ အဖမ်းခံရသူက လူအဖမ်းခံရကြောင်း




သိရတော့၏။ ပျော်ရွှင်ကြည်နူးဖွယ်ရာအဖြစ် နောက်ပြောင်ကျီစယ်ကြခြင်းဖြစ်၏။ လူဖမ်းသူအား ခေါင်ဦးရည်တိုက်၍ လိပ်ပြာကိုပြန်လည်ရွေးနုတ်ယူကြလေ့ရှိ၏။

အဋ္ဌမထူးခြားချက်မှာ ချီချင်း၏ လူ့အဖွဲ့အစည်းသည် ပွဲရှင်(အလှူရှင်)များအား တန်ဖိုးထား၍ ဂုဏ်ပြုမှတ်တမ်းတင်ကြခြင်းဖြစ်၏။ ကျောက်ပြင်ချီပွဲသည် စေတနာသဒ္ဓါတရားလည်းရှိ၍ ကြွယ်ဝချမ်းသာ သူများမှသာ ပြုလုပ်နိုင်သောကြောင့် ကျောက်ပြင်ချီပွဲများများ လုပ်နိုင်လေ အမည်နာမနှင့် ဩဇာတိက္ကမကျော်ကြားထင်ရှားလေဖြစ်၏။

သူတို့၏မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများသည် သက်ဆိုင်ရာ သာရေးနာရေးကိစ္စများ၌ (အထူးသဖြင့် ပွဲရှင်၏အသုဘတွင် )ပွဲရှင်အား ချီချင်းရိုးရာသီချင်းများ လက်တန်းစပ်ဆိုဂုဏ်ပြုကြ၏။ ပွဲရှင်စိုက်ခဲ့သော နတ်တိုင်၊ ချိတ်ဆွဲခဲ့သော နွားနောက်ဦးခေါင်းခွံ၊ တည်ခဲ့သော ကျောက်ပြင်များသည် ပွဲရှင်အား ဂုဏ်ပြုနေသော အမှတ်အသားများ လည်းဖြစ်၏။

မျက်မှောက်ခေတ်၌ ကန်ပက်လက်၊ မင်းတပ်မြို့၏အချို့နေရာ များတွင် ပွဲရှင်၏သားမြေးများက ပွဲရှင်၏ဘဝဖြစ်စဉ် (ပွဲလုပ်ခဲ့ခြင်း အပါအဝင်) ကို ကွန်ကရစ်ပြားပေါ်၌ စာဖြင့်ထွင်းထု ရေးသားဂုဏ်ပြုခြင်းများ ရှိလာ၏။

ယခုအခါ ပွဲရှင်များကို စာပေဖြင့် ရေးသားမှတ်တမ်းတင်ခြင်း၊ ပုံနှိပ်ဖော်ပြခြင်းများလည်း အနည်းအကျဉ်းရှိလာ၏။

ထူးခြားမှတ်တမ်းများတွင် တစ်ကြိမ်တည်း၌ နွားနောက်ကောင်ရေ အများဆုံးအသုံးပြုခြင်းကြောင့် ပြောစမှတ်တွင်ခြင်းနှင့် တစ်သက်တာတွင် နှစ်စဉ်နီးပါးပွဲလုပ်ခဲ့သဖြင့် ပွဲအကြိမ်ရေအများဆုံး ပြုလုပ်ခဲ့ခြင်းကြောင့် ပြောစမှတ်တွင်ခြင်းဟု နှစ်မျိုးရှိ၏။

နဝမထူးခြားချက်မှာ ဤပွဲတော်က ချင်းရိုးရာဂီတနှင့် ဒီဇိုင်းများကို ထိန်းသိမ်းမြှင့်တင်ပေးခြင်းဖြစ်၏။ ချီချင်းဓလေ့အရ ဗုံမောင်း လင်းကွင်းများကို ဤပွဲတော်များနှင့်အသုဘများတွင်သာ တီးခတ်ကြ၏။ အပျော်သဘော အကြောင်းမဲ့ တီးခတ်ခွင့်မရှိ။

ပွဲတော်၌ ချင်းရိုးရာတူရိယာအဖွဲ့က စည်းမျဉ်းစည်းကမ်းအတိုင်း တီးလုံးတီးကွက်ကို မြိုင်မြိုင်ဆိုင်ဆိုင် ပီပီပြင်ပြင်အချိတ်အဆက် မိမိတီးခတ်ကြရပြီး ပွဲရှင်နှင့် VIP များက ပီပီပြင်ပြင်ကပြကြရသဖြင့် ချင်းရိုးရာ တီးခတ်ကပြမှုအနုပညာကို ထိန်းသိမ်းမြှင့်တင်ပေး၏။

ချင်းရိုးရာနတ်တိုင်ဒီဇိုင်းများကို ဖော်ထုတ်ခွင့်ရသဖြင့် ချင်း ယဉ်ကျေးမှုဓလေ့များကိုလည်း ထိန်းသိမ်းပေးရာရောက်၏။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျောင်းသား၊ ကျောင်းသူများအားလုံးကို ပညာသင်ကြားပေးရာတွင် အတန်းအောင်မြင်ရေးထက် အမှန်တကယ်တတ်မြောက်သင်ကြားပေးရန်လို၊ အတန်းအောင်မြင်သော်လည်း စာတတ်မြောက်ခြင်းမရှိသဖြင့် စဉ်းစားတွေးခေါ်မှုများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့၊ တက္ကသိုလ်ပညာသင်ကြားရေးတွင် တက္ကသိုလ်မှ သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့ရပြီးချိန်၌ အတတ်ပညာနှင့်ပတ်သက်သည့် လူမှုရေးကျွမ်းကျင်မှုပညာရပ်များကို အသုံးချနိုင်ရမည်ဖြစ်၊ လူတစ်ဦးချင်းတတ်မြောက်သည့် ပညာရပ်များကို အသုံးချနိုင်မှုသည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့၌ လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

### ကုလသမဂ္ဂအဖွဲ့က ပါကစ္စတန်နိုင်ငံအတွင်း ရေကြီးရေလျှံမှုများအပေါ် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ သန်း ၁၆၀ ထောက်ပံ့မည်



စာမျက်နှာ » ၁၃

### အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

စာမျက်နှာ » ၁၄

### ချီချင်းဓလေ့ လုံယူးပွဲတော်၏ထူးခြားချက်များ

စာမျက်နှာ » ၁၇



မြန်မာ ယူ-၁၉ အသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ခြေစမ်းပွဲတွင် မြန်မာ ယူ-၁၉ အသင်း နှစ်ပွဲစလုံးအနိုင်ရ

ရန်ကုန် ဩဂုတ် ၃၁

အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းနှင့် ကျင်းပပြီးစီးခဲ့သည့် ၂၀၂၂ တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ ဘောလုံးပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သည့် ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ဩဂုတ် ၃၁ ရက်က သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းတို့သည် ဩဂုတ် ၂၉ ရက်တွင် ပထမခြေစမ်းပွဲကစားပြီးနောက် ယနေ့တွင် ဒုတိယခြေစမ်းပွဲကစားခြင်းဖြစ်ပြီး

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၃၁

| | |
|---|---|
| နွားထိုးကြီး | ၂ ဒသမ ၃၄ လက်မ |
| ပူတာအို | ၁ ဒသမ ၉၃ လက်မ |
| မြောင်းမြ | ၁ ဒသမ ၆၁ လက်မ |
| ဘိုကလေး | ၁ ဒသမ ၁၀ လက်မ |
| ပလက်ဝ | သုည ဒသမ ၈၇ လက်မ |
| ပုသိမ် | သုည ဒသမ ၈၃ လက်မ |

## စတုဂတ်အသင်းတိုက်စစ်မှူး ကာလာဇစ်အား ဝုလ်ဗာဟမ်တန်အသင်းက စာချုပ်ချုပ်ဆိုခေါ်ယူ




ပရီမီယာလိဂ်ကလပ် ဝုလ်ဗာဟမ်တန်အသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် စတုဂတ်အသင်းမှ ဩစတြီးယားတိုက်စစ်မှူး ဆာဆာကာလာဇစ်ကို စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

**လုပ်ခလစာပေါင် ၁၅ သန်း(ယူရို ၁၈ သန်း)ရရှိမှာဖြစ်**

အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး ကာလာဇစ်ဟာ ဝုလ်ဗာဟမ်တန်အသင်းနဲ့ တစ်နှစ်သက်တမ်းတိုးခွင့် ရရှိမယ့်အခွင့်အရေးတစ်ရပ်နဲ့အတူ ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပြီး လုပ်ခလစာပေါင် ၁၅ သန်း(ယူရို ၁၈ သန်း)ရရှိမှာဖြစ်တယ်လို့လည်း သိရပါတယ်။

တိုက်စစ်မှူး ကာလာဇစ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပွဲစဉ် ၁၅ ပွဲမှာ သွင်းဂိုးခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီအတွင်းက စတုဂတ်အသင်းနဲ့အတူ ပွဲစဉ် ၃၃ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ ၁၆ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ○